# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ တနင်္ဂနွေနေ့။ Sunday, 12 November 2023 ၁၁၂၇၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအားထောက်ခံပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်း၌ ကျင်းပစဉ်။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အချို့တွင် အောက်တိုဘာ ၂၇ ရက်မှစ၍ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များကို ငြိမ်းချမ်းရေးလိုလားသည့်ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆


ယနေ့ ဖတ်စရာ

**(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်**
စာမျက်နှာ » ၂

**၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ ကျင်းပမည်**
စာမျက်နှာ » ၃

**ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ့ဘူမိခရီးသွားလုပ်ငန်း (Geotourism)**



ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာနိုင်ငံအနှံ့ တင်ပို့ရောင်းချပြီး ဝင်ငွေကောင်းလျက်ရှိသည့် ပင်လောင်းမြို့နယ်မှ လိမ္မော်စိုက်တောင်သူများ**
စာမျက်နှာ » ၁၀





## ကြေးမုံ

# နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး MSME လုပ်ငန်းများမြှင့်တင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” “Keep Moving Forward To Achieve Our Goal” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များဖြင့် စက်မှုထုတ်ကုန်၊ လူသုံးကုန်များကို သွင်းကုန်အစားထိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကားမှုများ တိုးတက်ဖြစ်ထွန်းလာမည်။ ကုန်ပစ္စည်းထုတ်လုပ်မှုတိုးတက်လာလျှင် ဆက်စပ်နှီးနွှယ်နေသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများ စီးဆင်းလည်ပတ်အားကောင်းလာမည်ဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး နိုင်ငံတော်က အားပေးဆောင်ရွက်နေသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး ကောင်းစွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သော်လည်း ဒေသတွင်းနိုင်ငံများကြား၌ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး GDP နည်းပါးနေသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့ကို အခြေခံသည့် MSME လုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ကြိုးပမ်းဆောင်ရွက်ရာ၌ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားစေရန် ခေတ်မီနည်းပညာများ အသုံးပြုရန်လိုအပ်ပြီး ဈေးကွက်တွင်ကျယ် ကျယ်ပြန့်လာစေရန် သတင်းအချက်အလက်နှင့် နည်းပညာများကို အသုံးချတတ်ရန် လိုအပ်သည်။

MSME လုပ်ငန်းများအောင်မြင်စေရန် ထုတ်ကုန်များ ဈေးကွက်ရရှိရန်လိုအပ်သည်။ ထို့ကြောင့် ပြည်တွင်းသာမက ပြည်ပသို့ပါ ဈေးကွက်ချဲ့ထွင်စီးဆင်းရန် သတင်းအချက်အလက်များ ကျယ်ပြန့်စွာဖြန့်ဝေရန် လိုအပ်သည်။ ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့ရန်လည်း လိုအပ်သည်။ အဆိုပါကိစ္စရပ်များကို နိုင်ငံတော်က အချိန်ယူကာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရာတွင် အစားအစာ၊ အထည်အလိပ်နှင့် အထည်ထုတ်ကုန်များ၊ သားရေထွက်ကုန်ပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ ဆေးဝါးနှင့် ရက္ခဗေဒဆိုင်ရာပစ္စည်းများ၊ ရော်ဘာနှင့် ပလတ်စတစ်ဆိုင်ရာပစ္စည်းများ၊ သတ္တုမဟုတ်သည့်ထွက်ကုန်ပစ္စည်းများ၊ အခြေခံသတ္တုပစ္စည်းများ၊ ပရိဘောဂ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ပထမဦးစားပေး ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

MSME လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏ လေ့လာတွေ့ရှိချက်အရ ပတ်ဝန်းကျင်ကောင်းများနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိခြင်း၊ စွန့်ဦးတီထွင်လိုသူများအတွက် မဝံ့မရဲဖြစ်မှုများကို ဖြေလျှော့ပေးရန်လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီး၊ စရိတ်ကြီးမြင့်သည့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ရိုးရာနည်းပညာများကို အသုံးပြုထုတ်လုပ်ခြင်း၊ သုတေသနပြုချက်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများတွင် အထောက်အပံ့အားနည်းခြင်း စသည်တို့ဖြစ်ပြီး အဆိုပါရလဒ်များကို အခြေခံ၍ ထုတ်ကုန်များကို ရောင်းတမ်းဝင် အဆင့်မြှင့်တင်နိုင်ရန်အတွက် ကန့်သတ်ချက်များနှင့် အဟန့်အတားများရှိနေသည်ကို တွေ့ရှိထားသည်။ ထို့ကြောင့် အရည်အသွေးရှိသည့် ရောင်းကုန်ပစ္စည်းများကို တွင်ကျယ်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည်။

မျက်မှောက်ကာလသည် ၂၁ ရာစု၏ ဒစ်ဂျစ်တယ်ခေတ်သို့ ရောက်ရှိနေသဖြင့် အဓိကလိုအပ်ချက်သည် သတင်းအချက်အလက်နှင့် နည်းပညာ- အိုင်တီခေတ်ဖြစ်နေသည်ကို သတိပြုရမည်ဖြစ်သည်။ ယနေ့ ကမ္ဘာပေါ်တွင် အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေးစနစ် E-Commerce ကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလာကြသည်သာမက ကုန်ပစ္စည်းရောင်းဝယ်ရာတွင်လည်းကောင်း၊ ငွေပေးချေရာတွင်လည်းကောင်း ဒစ်ဂျစ်တယ်စနစ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အင်တာနက်နှင့်ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်နေပြီဖြစ်၍ နိုင်ငံများအားလုံး MSME လုပ်ငန်းများနှင့် E-Commerce စနစ်များကို အသုံးပြုနေကြပြီဖြစ်သည်။

MSME လုပ်ငန်းထုတ်ကုန်များကို နိုင်ငံတကာအရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် MSME လုပ်ငန်းများနှင့် E-Commerce စနစ်များ ပိုမိုတွင်ကျယ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ MSME လုပ်ငန်းများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံ၏ GDP တိုးတက်မြင့်မားလာပြီး စီးပွားရေးအရှိန်အဟုန် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

---


MINISTRY OF HEALTH

(၂၀၂၃)ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့

(၁၄-၁၁-၂၀၂၃)

“ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့၊ ကိုယ်တိုင်သိရှိဆင်ခြင်စို့”

“Know your risk, Know your response”


---

## (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသောအလှူရှင်များအနေဖြင့် ဆွမ်းပဒေသာပင်၊ စာအောင်ဆုပဒေသာပင်၊ တိပိဋကအထွေထွေရန်ပုံငွေများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့၊ ၀၉-၄၃၀၆၇၁၆၈၊ ၀၉-၄၄၃၁၉၀၁၉၃ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့်စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော် အပါး ၁၆၀၊ အာဂုံပြန်စာရင်းသွင်းသံဃာ ၂၈၃ ပါး၊ သဘောရေးဖြေစာရင်းသွင်းသံဃာ ၂၁၈ ပါး စုစုပေါင်း ၆၈၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

---

## ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၁**



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က စီမံကိန်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် လှည်းဆိပ်ကျေးရွာ၊ ညောင်သုံးပင်ကျေးရွာ၊ အညာစုကျေးရွာ၊ ခနဲရိုကျေးရွာ၊ ဆတ်ကလေးကျေးရွာနှင့် မရွှေဥကျေးရွာစသည့် ကျေးရွာခြောက်ရွာတို့အား ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ စီဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၉၀၀ ကိုသက်ဆိုင်ရာကျေးရွာများအလိုက် စီမံကိန်းဥက္ကဋ္ဌများနှင့် ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

---


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# ၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက် (စနေနေ့)မှ ဒီဇင်ဘာ ၁၁ ရက် (တနင်္လာနေ့) အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူစာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့် အလားတူစာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ၏ Pair (အမျိုးသား + အမျိုးသမီး) အတွဲပြိုင်ပွဲ၊ ကကွက်တစ်ဦးချင်း (အမျိုးသား) ပြိုင်ပွဲ၊ ကကွက်တစ်ဦးချင်း (အမျိုးသမီး) ပြိုင်ပွဲ၊ အသင်းလိုက် (အမျိုးသား) ပြိုင်ပွဲနှင့် (အမျိုးသမီး) ပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသည့် အားကစားသမားများက အားကစားနည်းအလိုက် သရုပ်ပြတင်ဆက်ကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ (ဗိုလ်လုပွဲ) ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အမျိုးသားတစ်ဦးချင်းအတိုက် (၅၀ – ၅၄) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်းအတိုက် (၆၂ – ၆၇) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း အတိုက် (၆၈ – ၇၄) ကီလိုတန်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှပြိုင်ပွဲဝင်များကလည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

(ဗိုလ်လုပွဲ) ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသား (၈၀ – ၈၇) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး (၆၂ – ၆၇) ကီလိုတန်း ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက အမျိုးသား (၇၄– ၈၀) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး (၆၇ – ၇၃) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး (၄၆ – ၄၉) ကီလိုတန်း ပြိုင်ပွဲ၊ အမျိုးသား (၅၄–၅၈) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား (၄၆ – ၅၀) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၅၈ – ၆၃) ကီလိုတန်းပြိုင်ပွဲ တို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်းနှင့် ဒေါက်တာဘရွှေတို့က အမျိုးသား (၅၀ – ၅၄) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား (၆၈ – ၇၄) ကီလိုတန်း ပြိုင်ပွဲနှင့်အကောင်းဆုံးအားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း အားကစားသမား စုစုပေါင်း ၂၈၀ ဖြင့် နိုဝင်ဘာ ၇ မှ ၁၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ကမ္ဘာ့အင်တာနက်ညီလာခံ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝူကျန်းမြို့၌ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဝူကျန်းထိပ်သီးအစည်းအဝေး [The 2023 World Internet Conference – (WIC) Wuzhen Summit]သို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counsellor ဖြစ်သူ Mr. Zheng Zhihong နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း ကုန်စည်ဒိုင်သို့ ရောက်ရှိပြီး ကုန်စည်ဒိုင်အတွင်း ခင်းကျင်းပြသထားသည့် ပြည်ပပို့ကုန်၊ ပဲမျိုးစုံများအား ကြည့်ရှုလေ့လာသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပဲ၊ ပြောင်း၊ နှမ်း ကုန်သည်များအား ကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ရန်၊ ပဲ၊ ပြောင်း၊ နှမ်း ပြည်ပသို့ တင်ပို့ရာတွင် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီစေရေး စနစ်တကျ ဆောင်ရွက်ရန်နှင့် လယ်ယာထွက်ကုန် ပစ္စည်းများအား တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ်ရှိ “မဟာစံပြန္တယ်” ဆန်စက်သို့ ရောက်ရှိပြီး ဆန်ကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး ဆန်စက်ကောင်းမှ ဆန်အရည်အသွေး ကောင်းမည်ဖြစ်သဖြင့် ခေတ်မီနည်းပညာ အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆန်အရည်အသွေးကောင်းမှ ဈေးကွက်ဈေးကောင်းရရှိမည်ဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့် ဆန်စက်များ တည်ဆောက်၍ ထုတ်လုပ်မှုအပိုင်းကို ပိုမိုကောင်းမွန်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မဟာအောင်မြေ မြို့နယ်ရှိ “စိန်လမင်း”ပဲခွဲစက်ရုံသို့ ရောက်ရှိပြီး ပြည်ပတင်ပို့ရန် ပဲများကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အရောင်းအဝယ်မှန်ဟူသည့် ပြဋ္ဌာန်းချက်များအတိုင်း ညီညွတ်စွာ ဆောင်ရွက်ရန်နှင့် ပဲကုန်ချော ပြည်ပတင်ပို့မှု လွယ်ကူချောမွေ့စေရေးအတွက် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မြစ်ငယ်ကုန်းတွင်း ဆိပ်ကမ်းရှိ KM Terminal and Logistics Limited နှင့် Resources Group Logistics Company Limited (RGL)တို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး Dry Port အတွင်းရှိ Bonded Ware House ၌ ကုန်ပစ္စည်းများ ဝင်ရောက်မှု၊ သိုလှောင်မှု၊အဝေးသို့သယ်ဆောင်မှုနှင့် ပြည်ပသို့တင်ပို့မှု လုပ်ငန်းစဉ်များတွင် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် Bonded Ware House လုပ်ထုံးလုပ်နည်း၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီရုံးခန်း၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းကလည်း ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီးတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ဧည့်ရိပ်သာ၌ တွေ့ဆုံပြီး ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒဂုံတက္ကသိုလ်၌ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒဂုံတက္ကသိုလ်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အထူးပြုဘာသာရပ်အသီးသီးမှ ဘွဲ့ရရှိသူများကို ဘွဲ့လက်မှတ်များ အပ်နှင်းသည်။

ဒဂုံတက္ကသိုလ်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းဖြင့် နှစ်ပိုင်းခွဲ၍ ကျင်းပခဲ့ပြီး နံနက်ပိုင်းတွင် ဘွဲ့ရရှိသူ ၄၅၆ ဦးနှင့် မွန်းလွဲပိုင်းတွင် ၄၅၇ ဦး တက်ရောက်ခဲ့ရာ စုစုပေါင်း ၉၁၃ ဦးကို ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

**ရသေ့တောင် နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ မိုးစပါး တစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက မိုးစပါး သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို ခနောင်းကြီးကျေးရွာ ကွင်းအမှတ် (၄၁၂-ခ)၊ ဦးပိုင် (၁၄-ဃ) ချီးဖောင်တောင်ကွင်း တောင်သူ ဦးထွန်းသိန်း၏ လယ်မြေတွင် ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်လင်းထက်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ကြသည်။

မိုးစပါးစံကွက် သုည ဒသမ ၁၀ ဧကရိတ်သိမ်းရာ၌ တောင်သူ ဦးထွန်းသိန်း စိုက်ပျိုးထားရှိသည့် GW-11 စပါးအမျိုးအစားအား စံကွက်ရိတ်သိမ်းခြင်းဖြစ်ကာ အထွက်နှုန်းမှာ အစို ၁၂၇ တင်း၊ အခြောက် ၁၁၇ တင်း ထွက်ရှိခဲ့ပြီး မြို့နယ်၏ မိုးစပါးအထွက်နှုန်း ပိုမိုတိုးတက်လာစေရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ စိုက်စနစ်မှန်ကန်စေရေးနှင့် အပင်ပြုစုခြင်းဆိုင်ရာနည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများကို ရှင်းလင်းပြောကြားခဲ့သည်။

ရသေ့တောင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးစပါးလျာထား ဧက ၇၈၀၆၂ ဧကကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော

# လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ပုသိမ် နိုဝင်ဘာ ၁၁**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စုပေါင်း၍ စားသောက်ဖွယ်ရာများ စုစုပေါင်း ၁၂၄၂ ပိဿာအား မော်တော် ယာဉ်ပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုအားပေးသည်။

**မှာကြား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာ စေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုနေမှုများ၊ ရွှေမုဋ္ဌောမဟာ စေတီတော်မြတ်ကြီးနှင့်အရံစေတီတော်များအား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန် ဆောင်ရွက်နေမှု အခြေအနေများ၊ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲအတွက်ရက်ကန်းစင်တော်ကြီးများ ပြင်ဆင် ဆောင်ရွက်ထားမှုများကို လိုက်လံရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးဆောင်ရွက်ကြရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**☆ ရှေ့ဖုံးမှ**

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်း၌ ပြည်ထောင်စုနယ်မြေရှစ်မြို့နယ်မှ ပြည်သူလူထုအင်အား ၂၂၀၀ ခန့်သည် တိုင်းပြည်အလုံးစုံပျက်စီးရေး ဆောင်ရွက်နေကြသည့် KIA၊ AA၊ TNLA၊ MNDAA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော် သားများအား ထောက်ခံအားပေးပွဲကို ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

**ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပ**

ထို့ပြင် နိုဝင်ဘာ ၈ ရက်နှင့် ၁၀ ရက်တို့တွင်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းနှင့် မန္တလေးမြို့ပေါ်ရှိ လမ်းများ၊ မန္တလေးမြို့အဝင် အဝိုင်းထိပ်၊ မန္တလေးကျုံးဘေးနှင့် ဧရာဝတီ ရတနာပုံတံတားတို့တွင် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီး ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**










---

## ရှေ့တန်းစစ်မျက်နှာ

☆ စက်ရုံထဲမှာ၊ ဝတ်စုံပြာနှင့်
သန်မာခန့်ထွား၊ အလုပ်သမားတို့
ကြိုးစားကုန်ထုတ် နေချိန်ဝယ်။

☆ လယ်ကွက်ထဲတွင်၊ ထမင်းရှင်တို့
နှင်တံစွဲလျက်၊ နွားနှင့်ဖက်၍
ထွန်ယက်စိုက်ပျိုးနေချိန်ဝယ်။

☆ ရုံးဌာနမှာ
ဉာဏလုပ်သား၊ ကလောင်သွားဖြင့်
များးစွ တာဝန်၊ အားစိုက်သွန်ကာ
ကျေပွန်ထမ်းရွက် နေချိန်ဝယ်။

☆ စာသင်ကျောင်းတွင်
လုလင်လုံမ၊ ကြိုးလုံ့လဖြင့်
နှဂ္ဂထိုက်တန်၊ မြတ်သိပ္ပံကို
သင်အံဆည်းပူး နေချိန်ဝယ်။

☆ ကျောင်းသင်္ခမ်းမှာ
ရဟန်းသံဃာ၊ ချမ်းမြေ့စွာဖြင့်
ခေမာသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့
မြန်းရန်အားထုတ် နေချိန်ဝယ်။

☆ ဝေးလံနယ်စပ်၊ တောမြိုင်ရပ်၌
သေနတ်ပိုက်ကာ၊ စစ်သည်မှာ…
မိုးရွာနေပူ၊ နှင်းသိပ်ထူလည်း
မြေငူ ကုန်းမြင့်၊ တောင်ထပ်ဆင့်လည်း
မြစ်နှင့် တောနက်၊ အသွားခက်လည်း
အိပ်ပျက် မွတ်ငတ်၊ ရိက္ခာပြတ်လည်း
မြတ်နိုး ချစ်သည်၊ သူနှင့်ခွဲလည်း
ချီဆဲ… တိုက်ဆဲ…၊ တက်ကြွဆဲပါ
“ပြည်ရွာ အေးချမ်း၊ ဘေးမသန်းဘဲ
လုပ်ငန်းကိုယ်စီ၊ စိတ်ဝမ်းကြည်စွာ
ပြည်သူရွက်ဆောင်၊ နေနိုင်အောင်”…မို့
ယောင်လို့ မလွမ်း၊ မှန်း၍ မဆွေး
တွေး၍ မကြောက်၊ **သပေါက် သူပုန်ရန်မျိုးစုံ** ကို
စွမ်းကုန်တိုက်ဖျက် နေလျက်ပါ။
ရှေ့တန်းမြေက တို့ဝန်တာ။ ။

**ကို(တက္ကသိုလ်)**

**(ရှေ့တန်းစစ်မျက်နှာများမှ တပ်မတော်သားတို့ကို ဂုဏ်ပြုလျက်)**

# ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ့ဘူမိခရီးသွားလုပ်ငန်း (Geotourism)

• • • • • • • သန်းထွန်း(ဘူမိသိပ္ပံ) • • • • • • •

**အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံနှင့် ဘူမိဥယျာဉ်အစီအစဉ်**

ဘူမိသိပ္ပံပညာရပ်သည် တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာကြီး၏နှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံ သက်တမ်းရှိ သမိုင်းကြောင်းနှင့် ဖြစ်စဉ်တို့အကြောင်းကို ပြောပြပေးသည်။ ဤအသိပညာသည် ယနေ့လူမှုအဖွဲ့အစည်းကို စိန်ခေါ်နေသော အနာဂတ်မျိုးဆက်သစ်တို့အတွက် ကမ္ဘာ့သယံဇာတတို့ကို ထိန်းသိမ်းကာကွယ်မှု၊ ကမ္ဘာလုံးဆိုင်ရာပူနွေးမှုနှင့် ဘူမိဆိုင်ရာသဘာဝအန္တရာယ်များ၏သက်ရောက်မှုတို့ကို သက်သာပြေလျော့စေရန် အန်တုရာတွင် မရှိမဖြစ် လိုအပ်လှပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ယူနက်စကိုအထွေထွေညီလာခံက အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံနှင့် ဘူမိဥယျာဉ်အစီအစဉ်ကို ဖွဲ့စည်းခွင့်ပြုခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံနှင့် ဘူမိဥယျာဉ်အစီအစဉ် (IGGP)သည် လွန်ခဲ့သည့် နှစ်လေးဆယ်ကျော်မှစ၍ ကမ္ဘာ့ဒေသအသီးသီးမှ ဘူမိသိပ္ပံပညာရှင်များအား တိုးပွားလာသော လူနေမှုဘဝနှင့် ပတ်သက်သည့် ဘူမိဖြစ်စဉ်များ၊ အပြည်ပြည်ဆိုင်ရာ ဘူမိတန်ဖိုးများနှင့် ဒေသတွင်း စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှု၏ အခြေခံများကို မြှင့်တင်ပေးသော ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်များ (UNESCO Global Geoparks) လေ့လာရန် စုစည်းခေါ်ယူခဲ့ကြသည်။ ယခုအခါ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း ၄၈ နိုင်ငံတွင် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်ပေါင်း ၁၉၅ ခုရှိလာပြီဖြစ်ပြီး ဘူမိဥယျာဉ်အသစ်များ ထွက်ပေါ်လာရန် အပြိုင်အဆိုင် ကြိုးစားနေကြသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ် တည်ထောင်ရေးလုပ်ငန်းသည်လည်း မကြာမီ အကောင်အထည်ပေါ်လာတော့မည်ဖြစ်ပါသည်။

**ယူနက်စကို ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်များ**

UNESCO Global Geoparks ကို ယူနက်စကိုက "အပြည်ပြည်ဆိုင်ရာအဆင့်ရှိ ဘူမိဆိုင်ရာ အရေးပါသောနေရာများနှင့် ရှုခင်းများရှိသော တစ်ခုတည်း၊ တစ်ဆက်တည်းရှိသည့် ပထဝီဒေသများကို ထိန်းသိမ်းကာကွယ်ရေး၊ ပညာပေးရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ ခြုံငုံစဉ်းစားလျက် စီမံအုပ်ချုပ်ထားသော ဧရိယာများ" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်အသီးသီးသည် ၎င်းတို့၏ တိတိကျကျ သတ်မှတ်ထားသော တွေ့ရှိရသည့် အမွေအနှစ်ရင်းမြစ်များ၊ ယင်းဒေသတစ်ခုချင်းရှိ ဘူမိဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ကို မှတ်တမ်းတင်ထားသော ဘူမိနယ်မြေများ စုပေါင်းထားသည့် ဘူမိအမွေအနှစ်အပေါ် အခြေခံ၍ အသီးသီးအဓိပ္ပာယ်ဖွင့်ဆိုကြသည်။



ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ဖြစ်မြောက်ရေး အဆိုပြု ဘူမိနယ်မြေများကို တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းကြည့်ရှုစဉ်။

**ဘူမိနယ်မြေ**

ဘူမိနယ်မြေ(Geosite)ဆိုသည်မှာ အရေးပါသော ဘူမိဗေဒ သို့မဟုတ် ဘူမိရုပ်သွင်ရှိသည့်နေရာကို ခေါ်သည်။ ယင်းတို့၏ ဘူမိအင်္ဂါရပ်အမွေအနှစ်များလည်း ပါဝင်ပြီး အရေးပါသော ယဉ်ကျေးမှု သို့မဟုတ် အမွေအနှစ်များလည်း ဖြစ်နိုင်ပေသည်။ အမျိုးအစားကွဲပြားမှုများအပေါ်အခြေခံ၍ ဘူမိခရီးသွားလုပ်ငန်းကို အောက်ပါအမျိုးအစား ခြောက်မျိုး ခွဲခြားနိုင်သည်။

၁။ ဘူမိဗေဒနှင့် ဘူမိရုပ်သွင်နေရာများ၊
၂။ သတ္တုတွင်း(ရှေးဟောင်း၊ စွန့်ပစ်၊ လက်ရှိ) နေရာများ၊
၃။ လမ်းဖောက်(ဖြတ်ပိုင်း)နေရာများ၊
၄။ မနုဿဗေဒ (လိုဏ်ဂူနှင့် သတ္တုတွင်း) နေရာများ၊
၅။ ကျောက်အိမ်(သမိုင်းဟောင်း)နေရာများ၊
၆။ စွန့်စားမှုအခြေပြုနေရာများ။

**ဘူမိအမွေအနှစ်များ**

ဘူမိအမွေအနှစ်ဆိုသည်မှာ မြေမျက်နှာသွင်ပြင်၊ သဘာဝကျောက်ပေါ်ကွက်များနှင့် အဆင့်မြင့်လေ့လာနိုင်သော၊ အကိုးအကားပြုနိုင်သော၊ မျိုးဆက်သစ်တို့အတွက် ထိန်းသိမ်းသင့်သော ဘူမိလက္ခဏာများရှိသည့် ဘူမိသိပ္ပံပညာရပ်အတွက် အရေးကြီးသောနေရာတို့ကို ထိန်းသိမ်းခြင်း အယူအဆပင်ဖြစ်သည်။

ဘူမိအမွေအနှစ်၊ ဘူမိထိန်းသိမ်းခြင်းနှင့် ဘူမိခရီးသွားလုပ်ငန်းတို့သည် ၎င်းတို့၏ သိပ္ပံဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် အကျင့်သိက္ခာတို့ကြောင့် တစ်ကမ္ဘာလုံး၏ စိတ်ဝင်စားမှုကို ရရှိနေကြသည်။ နိုင်ငံပေါင်းများစွာတွင် ဒေသတွင်းအဖွဲ့အစည်းတို့ဖြင့် ဘူမိအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် ၎င်းတို့၏ အစိုးရပေါ်လစီများ ရှိထားကြပြီးဖြစ်သည်။ သို့ရာတွင် အမျိုးသားဥပဒေတစ်ရပ်ရှိရန် လိုအပ်သည်။

ဘူမိဥယျာဉ်တစ်ခု၏ အကျိုးကျေးဇူးမှာ ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အသစ်များ ရရှိရန်လည်း ပါဝင်သည်။ ထို့အပြင် ဘူမိဥယျာဉ်သည် အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးခြင်း၊ ကျေးရွာအဆင့် လူထုအတွက် ကျန်းမာရေးနှင့် ပညာရေးများ ဆောင်ရွက်ပေးမှုကြောင့် ဒေသတွင်းစီးပွားရေးကိုမြှင့်တင်ရာတွင် ကူညီပေးသည်။

ဤစိစစ်မှု၏ အဓိကရည်ရွယ်ချက်မှာ ဒေသခံလူထုကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးသည့် သတ္တုတွင်းလုပ်ငန်းနှင့် အရေးကြီးဂေဟစနစ်နေရာတို့ကို ခြိမ်းခြောက်နေသည့် ငွေကြေးအပေါ် လောဘမသတ်နိုင်ခြင်းတို့ကို သတိပြုမိစေရန်ဖြစ်သည်။

ဘူမိဖြစ်စဉ်မှတ်တမ်းတို့သည် နှစ်သန်းပေါင်းများစွာကတည်းက ဖြစ်ပေါ်နေသော ဖြစ်စဉ်တို့၏ အကျိုးဆက်များဖြစ်ပြီး အထူးစောင့်ရှောက်ရန် လိုအပ်သော အဖိုးတန်ရတနာများဟု ယူဆကြသည်။ အကယ်၍ ဤမှတ်တမ်းများ တစ်ကြိမ်ပျက်သုဉ်းခဲ့သော် ထာဝရဆုံးရှုံးမည်ဖြစ်ပြီး အတုအပတို့ကိုလည်း ကျွန်ုပ်တို့ ထိန်းသိမ်းနိုင်မည်မဟုတ်ချေ။ အနာဂတ်မျိုးဆက်သစ်တို့ကို အသိပညာနှင့် ဘူမိအမွေအနှစ်တို့ကို လွှဲပြောင်းပေးရန်မှာ ကျွန်ုပ်တို့၏ အဓိကတာဝန်ပင်ဖြစ်သည်။

**ဘူမိခရီးသွားလုပ်ငန်း**

ဘူမိခရီးသွားလုပ်ငန်းဆိုသည်မှာ နေရာဒေသတစ်ခု၏ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ သုခုမမှုဟန်၊ အမွေအနှစ်နှင့် ဒေသတွင်းရှိ လူထု၏ အကျိုးစီးပွားများစသည့် ပထဝီအင်္ဂါရပ်များကို လုံလောက်မှုရှိစေခြင်း သို့မဟုတ် တိုးမြှင့်ပေးသော ခရီးသွားလုပ်ငန်းမျိုးဖြစ်သည်။ ဘူမိခရီးသွားလုပ်ငန်းသည် ကားဖြင့် ဖြတ်မောင်းသွားသော ခရီးစဉ်မျိုးထက် သာလွန်သည်။ နေရာဒေသတစ်ခု၏ အဓိပ္ပာယ်ကို အာရုံပြုထားခြင်းကြောင့် လူ့အဖွဲ့အစည်းသည် လေ့လာသူများအတွက် စစ်မှန်၍တိုးပွားလာသော အတွေ့အကြုံများ ပေးနိုင်မည်ဖြစ်သည်။ ဘူမိဥယျာဉ်၏ အယူအဆမှာ ဒေသ၏ ယဉ်ကျေးမှု၊ ထွက်ကုန်နှင့် ရိုးရာဓလေ့များကို အသားပေးပြီး ဧည့်သည်များကို ဒေသ၏သဘာဝအလှနှင့် လူ့အဖွဲ့အစည်းတို့ကို စူးစမ်းလေ့လာနိုင်ရန် အခွင့်အရေးမျိုးစုံ ပေးထားခြင်းဖြစ်သည်။ ဘူမိခရီးသွားလုပ်ငန်းသည် ထိန်းသိမ်းစောင့်ရှောက်သူများက ပြည့်စုံသည့်အဆင့်မှသည် ဒေသခံများအတွက် ထင်ရှားသော ဆွဲဆောင်မှုအဆင့်အထိ ထိန်းသိမ်းထားသော်လည်း စိတ်စေတနာကောင်းသော ဧည့်သည်များကြောင့် အရင်းအမြစ်များ ပျက်စီးခြင်းမှ ကာကွယ်ပေးသည်။

လူဦးရေများလွန်းခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကဲ့သို့ အနုတ်သဘောဆောင်သော ဖြစ်ရပ်တို့ကို လမ်းညွှန်စာအုပ်ထက် သာလွန်သော ကတိပြုမှုများ ဖြန့်ဝေထားခြင်းကြောင့် လျော့နည်းစေသည်။ ဒေသတွင်းဝန်ဆောင်မှုနှင့် ရှိထားပြီး အရင်းအမြစ်တို့ကို မြှင့်တင်ပေးခြင်း၊ ဧည့်သည်များ၏ လိုအပ်ချက်တို့ကို တုံ့ပြန်နိုင်ရန် ၎င်းတို့အား ပညာပေးခြင်း၊ ၎င်းတို့မြို့၏ စစ်မှန်သောတန်ဖိုးကို ပြပေးခြင်းဖြင့် ဘူမိခရီးသွားလုပ်ငန်းသည် ဒေသခံလူထုကို အကျိုးရှိစေပါသည်။ ထောင့်လေးထောင့်ရှုခင်း၏ ကမ္ဘာတစ်ခွင်ထင်ရှားမှုကြောင့် ဘူမိခရီးသွားလုပ်ငန်း၏အခြေခံသဘောတရားသည် ဒေသခံများနှင့် နိုင်ငံခြားဧည့်သည်တို့အကြား အဓိပ္ပာယ်ပြည့်ဝသော အသိပညာဖလှယ်နိုင်ရန် အထူးအခွင့်အရေးများ ပေးထားပါသည်။ ယင်းတို့ဒေသ၏ ယဉ်ကျေးမှုကို လေးစားခြင်းနှင့် လေးနက်ကြွယ်ဝသော ဧည့်သည်များ၏ အတွေ့အကြုံတို့သည် ဒေသအတွက် ကောင်းစွာအကျိုးဖြစ်ထွန်းပါသည်။

**ကြွံခိုင်သောခရီးသွားလုပ်ငန်း**

ကြွံခိုင်သောခရီးသွားလုပ်ငန်းသည် ဆရာဝန်တို့၏ ကျင့်ဝတ်ကဲ့သို့ "ထိခိုက်မှုမရှိရေးသည် ပထမ"ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ ကြွံခိုင်သည့် ခရီးသွားလုပ်ငန်းသည် ယင်း၏ တန်ဖိုးရှိအရင်းအမြစ်နှင့် ပန်းတိုင်ကို ကာကွယ်ပေးသည်။ တိုးတက်သော စီမံခန့်ခွဲမှုနည်းစနစ်တို့ဖြင့် သဘာဝအလေ့အထနှင့် အတွေးအမြင်၊ အမွေအနှစ်ဒေသများနှင့် လူမှုအဖွဲ့အစည်း၏ ရိုးရာဓလေ့ထုံးစံများကို တိုးတက်သောစီမံခန့်ခွဲမှုဖြင့် ထိန်းသိမ်းထားသည်။ သဘာဝရင်းမြစ်တို့ကိုလည်း ထိန်းသိမ်းပေးသည်။ ပတ်ဝန်းကျင်ကို ဂရုပြုသော အပြည်ပြည်ဆိုင်ရာ ခရီးသည်များသည် စီးပွားရေးလုပ်ငန်းများ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးခြင်း၊ စွမ်းအင်သုံးစွဲမှု၊ ရေသုံးစွဲမှု၊ မြေအနေအထားပြုပြင်မှုများကြောင့်ဖြစ်ပေါ်သည့်ခုတုံးခုတ်များ၊ မီးရောင်အလွန်အကျွံသုံးစွဲခြင်းတို့ကို အထက်စီးဟန်ဖြင့် ဆောင်ရွက်ကြသည်။ ဒေသတွင်းရှိ ဓလေ့ထုံးစံများနှင့် သမိုင်းကြောင်းတို့ကို လေးစားကြသည်။ နိုင်ငံခြားဧည့်သည်များသည် အသုံးများသော ဘာသာစကားအပိုင်းအစများအပါအဝင် ဒေသ၏ ကျင့်ဝတ်ထုံးတမ်းများကို သင်ယူတတ်ကြသည်။ ဒေသခံများကလည်း မိမိတို့နှင့်မတူညီသော နိုင်ငံခြားသားများ မျှော်လင့်သည့် နေထိုင်မှုကို မည်သို့ ပြင်ဆင်ထားရမည်ကို လေ့လာကြသည်။ ဤသည်မှာ အရည်အသွေးကိုသာ ရည်ရွယ်ခြင်းဖြစ်ပြီး အရေအတွက်ကိုမဆိုလိုပါ။ ခရီးသွားလုပ်ငန်း ရည်ရွယ်ချက်ပန်းတိုင်ကို ဧည့်သည်အရေအတွက်ဖြင့် မတိုင်းတာပါ။ သို့သော် ၎င်းတို့ မည်မျှကြာအောင်နေသည်၊ ၎င်းတို့၏ငွေကို မည်သို့သုံးသည်နှင့် ၎င်းတို့၏ အတွေ့အကြုံ အရည်အသွေးတို့ကိုသာ တိုင်းတာပါသည်။

ဘူမိခရီးသွားလုပ်ငန်းသည် စဉ်ဆက်မပြတ် ကြွံခိုင်ခြင်းမူကို ပထဝီအနေအထားများ၊ ဧည့်သည်နှင့် ဌာနေလူထု၏ အကျိုးဖြစ်ထွန်းမည့် ဒေသ၏ အနှစ်သာရ အထူးအရည်အသွေးတို့ဖြင့် အောင်ပွဲခံမည့်ပန်းတိုင်ကို တည်ဆောက်ခြင်းဖြင့် ထပ်လောင်းပေးသည်။

**အကျိုးရှိသောစုပေါင်းဆောင်ရွက်မှု**

ရှုပ်ထွေးပွေလီသော ပထဝီအနေအထားများ အတူပူးပေါင်းတင်ပြခြင်းဖြင့် ဧည့်သည်များ၏ မတူကွဲပြားသော စိတ်ဝင်စားမှုတို့ဖြင့် ဆွဲဆောင်စေပြီး ကမ္ဘာလှည့်ခရီးသည်များ၏ အတွေ့အကြုံများ

စာမျက်နှာ ၇ သို့ ☆

> ❝ ဘူမိခရီးသွားလုပ်ငန်းဆိုသည်မှာ နေရာဒေသတစ်ခု၏ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ သုခုမမှုဟန်၊ အမွေအနှစ်နှင့် ဒေသတွင်းရှိ လူထု၏ အကျိုးစီးပွားများ စသည့် ပထဝီအင်္ဂါရပ်များကို လုံလောက်မှုရှိစေခြင်း သို့မဟုတ် တိုးမြှင့်ပေးသော ခရီးသွားလုပ်ငန်းမျိုးဖြစ်သည်။ ဘူမိဥယျာဉ်၏ အယူအဆမှာ ဒေသ၏ ယဉ်ကျေးမှု၊ ထွက်ကုန်နှင့် ရိုးရာဓလေ့များကို အသားပေးပြီး ဧည့်သည်များကို ဒေသ၏ သဘာဝအလှနှင့် လူ့အဖွဲ့အစည်းတို့ကို စူးစမ်းလေ့လာနိုင်ရန် အခွင့်အရေးမျိုးစုံ ပေးထားခြင်းဖြစ် ❞

# မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်



ပဲခူး နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဘုရားဖူးလာပြည်သူများ အေးချမ်းစွာဘုရားရှိခိုးနိုင်ရေး အာရုံခံတန်ဆောင်းများ သန့်ရှင်းသပ်ရပ်စေရေး အမြဲဆောင်ရွက်ရန်၊ ဘုရားပိတ်ချိန်တွင် အမှိုက်များကို စနစ်တကျသိမ်းဆည်းစွန့်ပစ်ရန်နှင့် ဘုရားပေါ်ရှိ မီးဆလိုက်များ ကောင်းမွန်မှုရှိစေရေး စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိကားလမ်း(ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်အတွင်း ဘေး(ဝဲ/ယာ)စသည့် အများနှင့်သက်ဆိုင်သောနေရာတို့တွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၏ ပေါင်းစုအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ သပြေကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်ခဲ့ပြီး ဇမ္ဗူရတနာ ဓမ္မာရုံတည်ဆောက်ပြီးစီးမှုနှင့် အဘိုး/အဘွားဆောင်များ ပြန်လည်အဆင့်မြှင့်တင်ပေးနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး အစောင့်ရှောက်ခံ အဘိုး/အဘွားများအား ဂါရဝပြုနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မုံရွာမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခဝဲကျင်းကျေးရွာရှိ ဒေသခံပြည်သူများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၃၇ ဦးတို့ကို သွေးတိုးရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သန်လျက်မော် အရှေ့ရပ်ကွက် ဗောဓိမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်ရှိ သာသနာ့နွယ်ဝင်သီလရှင် ၁၂၆ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချို/သွေးချို စစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မှော်ဘီ နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလားအသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကိုယနေ့မွန်းလွဲ၂ နာရီက မှော်ဘီမြို့မဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင်မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် မှော်ဘီမြို့နယ်(က)အသင်းနှင့် ထန်းတပင်မြို့နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ မှော်ဘီမြို့မဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**



☆ စာမျက်နှာ ၆ မှ

အခြားကဏ္ဍများထက် ပိုမိုကြွယ်ဝလာစေမည်ဖြစ်သည်။ ဘူမိခရီးသွားလုပ်ငန်းသည် လူမှုအဖွဲ့အစည်းပါဝင်သည်။ ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် အရပ်သားအဖွဲ့အစည်းများ၊ ဧည့်သည်များအတွက် ထင်ရှား၍ စစ်မှန်သော အတွေ့အကြုံရရှိစေရန်စိတ်ထားဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ ဘူမိခရီးသွားလုပ်ငန်းသည် ခရီးသွားသူရော အိမ်ရှင်ပါ နှစ်ဦးစလုံးကို ပညာရစေသည်။ ဒေသခံများသည် အပြင်လူများကို ဖမ်းစားနိုင်ရန်မည်သည်တို့ကို ထုတ်ပြရမည်ကို လေ့လာရခြင်းကြောင့် ၎င်းတို့၏ ကိုယ်ပိုင်အမွေအနှစ်တို့ကို ဖော်ထုတ်လာနိုင်မည်ဖြစ်သည်။ ဒေသခံလူထုသည် ၎င်းတို့၏အိမ်ကို ပြသရန် ဂုဏ်ယူတတ်မှု၊ ကျွမ်းကျင်မှုတိုးတက်လာသည့်အလျောက် အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းပြီးဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသည်များအတွက်လည်း ပိုမိုကောင်းမွန်သော ခရီးဖြစ်ပေမည်။ ဘူမိခရီးသွားလုပ်ငန်းက ဒေသခံတို့ကို စီးပွားရေးအရ အကျိုးဖြစ်ထွန်းပြီး ခရီးသွားနှင့် ဆက်စပ်နေသောလုပ်ငန်းများက ဒေသခံအလုပ်သမားတို့ကို ငှားရမ်းကြရကာ ဒေသခံတို့၏ ဝန်ဆောင်မှု၊ ထွက်ကုန်များနှင့် ရိက္ခာပစ္စည်းတို့ကို အသုံးပြုကြရသည်။ ဒေသခံလူထုတို့ ဘူမိခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးကို နားလည်လာသည့်အခါ ၎င်းတို့သည်ကြီးကြပ်အုပ်ချုပ်မှုလုပ်ငန်းကို တာဝန်ယူလာလိမ့်မည်။ ဘူမိခရီးသွားလုပ်ငန်းသည် ဒေသ၏ဂုဏ်ကိုလည်း အထောက်အကူဖြစ်စေသည်။ အကျိုးအမြတ်ရရှိလာသော ဒေသနေလုပ်ငန်းရှင်များသည်လည်း ကျေးဇူးသိ၍ အပြန်အလှန်အားဖြင့် အမွေအနှစ်ရင်းမြစ်တို့ကို ကာကွယ်ရန်လိုအပ်သည်ကို နားလည်လာကြမည်။

ဘူမိသိပ္ပံဆိုင်ရာ ခရီးသွားလုပ်ငန်းတွင် ဘူမိခရီးသွားလုပ်ငန်း မပါမဖြစ်ပေ။ ဘူမိဆိုင်ရာ အခရာများမှာ ဘူမိဗေဒနှင့် လွင်ပြင်ရှုခင်းများဖြစ်ပြီး ပုံသဏ္ဌာန်အားဖြင့် မြေမျက်နှာသွင်ပြင်များ၊ ကျောက်ပေါ်ကွက်များ၊ ကျောက်အမျိုးအစားများ၊ အနယ်ကျများ၊ မြေဆီလွှာနှင့် ပုံဆောင်ခဲများနှင့် ဖြစ်စဉ်များအဖြစ် မီးတောင်ပေါက်ကွဲခြင်း၊ ရေ/လေ တိုက်စားခြင်း၊ ရေခဲမြစ် စသည်တို့ပါဝင်သည်။ ခရီးသွားလုပ်ငန်း၏ အခရာဖြစ်သော ဘူမိခရီးသွားလုပ်ငန်းတွင် ခရီးသွားများလည်းပတ်ခြင်း၊ နှစ်သက်ရာနှင့် ဆုံတွေ့ရာ ဘူမိနယ်မြေတို့မှ လေ့လာသင်ယူခြင်း၊ ဘူမိခရီးသွားလုပ်ငန်းသည် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်၏ သီးခြားခွဲထုတ်မရသော အပိုင်းတစ်ခုဖြစ်ပြီး ဘူမိဥယျာဉ်ဖွံ့ဖြိုးမှုအတွက် အဓိကဖြစ်သည်။ ဘူမိခရီးသွားလုပ်ငန်းသည် စီးပွားရေးခရီးသွားလုပ်ငန်းတို့၏ အဓိကအာရုံပြုမှုအပေါ် အပင်များနှင့် သက်ရှိတိရစ္ဆာန်များအပြင် တတိယဘက်ဖြစ်သည့် ဇီဝမဲ့ဝန်းကျင်ကိုပါ ထပ်လောင်းထားပါသည်။ သို့အတွက် ကမ္ဘာတစ်ခွင် ဘူမိဥယျာဉ်များ တိုးပွားလာသည့်နည်းတူ လွတ်လပ်သော ဘူမိပတ်ဝန်းကျင်ကို အခြေပြုသည့် များစွာသော သဘာဝနှင့် မြို့ပြဘူမိဥယျာဉ်များ တိုးပွားလာသည်။

**ဇီဝမဲ့သဘာဝအခြေပြုခရီးသွားလုပ်ငန်း**

လူအများက ဘူမိခရီးသွားလုပ်ငန်းကို ဘူမိဗေဒနှင့် ဘူမိရုပ်သွင်တို့ကို သီးသန့်လေ့လာရန်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပတ်ဝန်းကျင်ကို ရိုးရိုးရှင်းရှင်း ကြည့်မည်ဆိုပါက ယင်းသည် ဇီဝမဲ့ဝန်းကျင် (Abiotic)၊ ဇီဝဝန်းကျင်(Biotic)နှင့် ယဉ်ကျေးမှုဝန်းကျင်(Cultural)တို့ဖြင့် ဖွဲ့စည်းထားကြောင်း ကျွန်ုပ်တို့ မြင်နိုင်သည်။ ပထမဦးစွာ ယဉ်ကျေးမှုဝန်းကျင်(C)တွင် အတိတ်ခေတ်သမိုင်းကြောင်းယဉ်ကျေးမှုနှင့် ယနေ့ခေတ် လူနေမှုဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ ပါဝင်သည်။ ဇီဝဝန်းကျင်(B)သည် စီးပွားရေးခရီးသွားလုပ်ငန်းတို့တွင် အသားပေးဖော်ပြ ရှင်းလင်းထားသော တိရစ္ဆာန်များနှင့် အပင်များပင်ဖြစ်သည်။ သို့ရာတွင် လူသိအလွန်နည်းသော ဇီဝမဲ့ဝန်းကျင်(A) ခရီးသွားလုပ်ငန်းတွင် သတိပြုမှုအနည်းဆုံးဖြစ်သော ကျောက်များ၊ မြေမျက်နှာသွင်ပြင်နှင့် သဘာဝဖြစ်စဉ်များ ပါဝင်သည်။ ဤသည်မှာ ဘူမိခရီးသွားလုပ်ငန်း၏ အင်အားအစစ်ဖြစ်သည်။ ခရီးသွားများ၏အာရုံကို ဘူမိဗေဒအပေါ် ခိုင်ခိုင်မာမာ မီးမောင်းထိုးပြခြင်းဖြစ်ပြီး ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုကို ခရီးသွားလုပ်ငန်းဖြင့် ရှေ့တန်းသို့တင်ခြင်းဖြစ်သည်။

မြန်မာ့ဘူမိခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပါစေ။

**ကျမ်းကိုး။** ။ **Than Htun (Myanmar Geosciences Society), 2019: The Emergence of Geotourism and Geoparks**

# ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများကို လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအတွင်း ရာသီအလိုက်ပွင့်သည့် ပန်းပင်များ စိုက်ပျိုးရေး၊ ကျောင်းအတွင်းအပြင်အမြဲသန့်ရှင်းသာယာလှပရေး၊ ကျောင်းသန့်စင်ခန်းများ သန့်ရှင်းနေစေရေး မှာကြားသည်။



**ပြည်ပသွင်းကုန်အစားထိုး**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိအသေးစားနှင့် အလတ်စားစက်မှုဇုန်အတွင်းရှိ ချင်းတွင်းတံခွန် အထည်ချုပ်စက်ရုံ(နေပြည်တော်)သို့ သွားရောက်၍ အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ပြည်ပသွင်းကုန် အစားထိုးအဖြစ် ပြည်တွင်းမှ ထွက်ရှိသည့် ဝါချည်မျှင်ကုန်ကြမ်းများကို အသုံးပြုပြီး ပြည်ပပို့ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးကို ဆောင်ရွက်စေလိုကြောင်း၊ ကျွမ်းကျင်လုပ်သားများ တိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**အဆင့်မီကုန်ထုတ်လုပ်**

ထို့နောက် မုံရွာဆရာမိုးကုမ္ပဏီ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံတွင် တိုင်းရင်းဆေးများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်မှ သစ်သီးခြောက်နှင့် ယိုစုံလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုအားပေးပြီး လုပ်ငန်းများ သွက်လက်မြန်ဆန်ပြီး အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်များဖြစ်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်မားရေး၊ ဒေသထွက် သီးနှံများနှင့် အဆင့်မီကုန်ထုတ်လုပ်မှုဖြစ်အောင် ဆောင်ရွက်ရေး၊ အရည်အသွေးကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများဖြစ်စေရေးကိုအလေးထား ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

**အုတ်ရေမြောင်း ပြုလုပ်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသည့် ဘူးကွဲချောင်း (ရာဇသင်္ဂဟလမ်းမကြီးနှင့် ဧရာဝတီလမ်းထောင့်)တွင် သန့်ရှင်းသာယာလှပရေးအတွက် မြေထိန်းကျောက်စီရေမြောင်းနှင့် ရေဆင်းမြောင်းများ ဆောင်ရွက်ထားရှိမှု၊ အလှမြက်ခင်းများ၊ ဘဲစားမြက်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ မြေယာရှုခင်းဗေဒ ဒီဇိုင်း အတွင်း ထည့်သွင်းတည်ဆောက်လျက်ရှိသော အုတ်ရေမြောင်း ပြုလုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရေနံချောင်း နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများလိုက်ပါကာ ယမန်နေ့နံနက်ပိုင်းက ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချောက်မြို့နယ် ငွေးချိုကျေးရွာအုပ်စု ငွေးချိုကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလက်မှု အထက်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငွေးချိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ကာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပေါင်းစပ်ပြီး နည်းစနစ်တကျ စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေနံချောင်းမြို့နယ်တွင် ဦးအောင်သောင်းရိုးလျှိုပိတ်တမံနှင့် နုန်းဖမ်းတမံတည်ဆောက်နေမှု လုပ်ငန်းများကိုလည်းကောင်း၊ မြို့ရှောင်လမ်းမိုင်တိုင်အမှတ် (၃၅၆/၆)အနီးတွင် စံပြတမာစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ကြီးထွားဖြစ်ထွန်းနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေနံချောင်းတက္ကသိုလ်တွင် ဆရာ ဆရာမများ၊ တက္ကသိုလ်ဝန်ထမ်းများနှင့် အဝေးသင်ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထပ်ဆောင်ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ရေနံချောင်းမြို့နယ် ရိုးကုန်းကျေးရွာ တောင်သူ ဒေါ်စိန်တုတ်နှင့် တောင်သူ ၂၂ ဦးတို့၏ ဆင်းရွှေကြာ-၂ နေကြာသီးနှံ ဧက ၄၀ မျိုးစေ့ထုတ်စံပြကွက်နှင့် ကံကြီးကျေးရွာတောင်သူ ဦးလူမုန်း၏ မြေအောက်ရေစုပ်ယူကာ ဆိုလာရေတင်စနစ်ဖြင့် အစက်ချရေသွင်းနည်းစနစ် (Drip Irrigation System) အသုံးပြု၍ ချည်မျှင်ရှည်ဝါ(B-31) မျိုးစံပြကွက် ၁ ဒသမ ၅၀ ဧကဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံကာ သီးနှံအထွက်နှုန်းတိုးစေရန် အခြားတောင်သူများအနေဖြင့်လည်း အဆိုပါစံပြကွက် စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မုံရွာမြို့ ကန်သာယာအနောက်ဘက်ကန် အဆင့်မြှင့်တင်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ နိုဝင်ဘာ ၁၁**

မုံရွာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၇ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၇၀၀ ကျော်ဖြင့် အခြေခံပညာကျောင်းများနှင့် မြို့သန့်ရှင်းသာယာရေး လုပ်ငန်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက်အနောက်တက်ကန်သာယာကန် အဆင့်မြှင့်တင်ရေးလုပ်ငန်းသို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့်တာဝန်ရှိသူများက အနောက်ဘက်ကန်သာယာ ကန်ပတ်လမ်း အရှည် ပေ ၅၅၀၀၊ အကျယ် ၁၈ ပေ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း၊ စတီးလက်ရန်းများ တပ်ဆင်နေမှု၊ လျှပ်စစ်မီးတိုင်များ တပ်ဆင်ခြင်း၊ ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် မြေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အနောက်ဘက်ကန်သာယာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီပြီးစီးရေး၊ မြို့နေပြည်သူများအားလပ်ရက်များတွင် စိတ်ပင်ပန်းမှုများ ဖြေဖျောက်စေနိုင်ရန် ကန်ပတ်ဝန်းကျင်ကို သန့်ရှင်းသာယာလှပရေး၊ ကန်ပတ်ဝန်းကျင်ကို အမြဲစိမ်းလန်းစိုပြည်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရ ပြိုင်ပွဲဝင်များအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မှတ်တမ်းဗီဒီယိုကိုပြသပြီး တိုင်းဒေသကြီး ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေးဦးစီးကော်မတီ နာယက ဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ်ဦးဌေးအောင်က ဗဟိုအဆင့်တွင် ယှဉ်ပြိုင်ခဲ့ရသည့် ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

**ထပ်ဆင့်ဂုဏ်ပြုဆုများချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ အဆိုပြိုင်ပွဲတွင် ဆုရရှိသူများ(ကိုယ်စား) ဒေါ်ခင်ချမ်းငြိမ်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အကပြိုင်ပွဲတွင် ဆုရရှိသူများ(ကိုယ်စား) မောင်ဥက္ကာစွမ်းသာအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ အရေးပြိုင်ပွဲ ဆုရရှိသူများ (ကိုယ်စား) ဒေါ်မြင့်မိုရ်သွန်းခအား တိုင်းမှူး၊ အတီးပြိုင်ပွဲဆုရရှိသူများ(ကိုယ်စား)ဦးအောင်ကြည်ခိုင်အား တိုင်းမှူး၏ဇနီး၊ မဟော်သဓာ ဇာတ်တော်အဖွဲ့၊ ရုပ်စုံသဘင်၊ ရှမ်းယိမ်းအဖွဲ့၊ ကဗျာလွတ်၊ ကျေးလက်ယိမ်းအဖွဲ့တို့နှင့် အောင်နိုင်ရေးဦးစီးကော်မတီဝင်များ၊ ပံ့ပိုးသူများနှင့် ရုံးလုပ်ငန်းအဖွဲ့များအား ထပ်ဆင့်ဂုဏ်ပြုဆုများကို တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ထပ်ဆင့်ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ဆုရရှိသူများ ကိုယ်စား ဝါသနာရှင်(ပထမတန်း) အဆင့် အဆိုဘာသာရပ်၌ ရွှေတံဆိပ်ဆုရရှိခဲ့သော ဦးအောင်စိုးမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပေးအပ်**

ထို့နောက် ဂုဏ်ပြုညစာဖြင့် ဧည့်ခံပြီး ပြိုင်ပွဲတွင် ဆုရရှိသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးဖြစ်သော တေးရေးလင်းတေဇရေးစပ်သည့် "ရွှေရောင်လွှမ်းခြုံ တိုင်းရန်ကုန်" တေးသီချင်းကို အဆို၊ အကများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် "သက်ဝင်လှုပ်ရှားရွှေကြယ်လေးများ" တေးသီချင်း သီဆို၍ အောင်ပွဲရပြိုင်ပွဲဝင်များအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်း ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်း၏ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပထမနှစ်မှ ပဉ္စမနှစ်အထိ ဘွဲ့ကြိုသင်တန်းများနှင့် ဘွဲ့လွန်မဟာသိပ္ပံသင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက် (ကြာသပတေးနေ့) မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀-၁၁-၂၀၂၃ ရက် (တနင်္လာနေ့) မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံမည် ဖြစ်သည်။

ဘွဲ့ကြို ပထမနှစ်သင်တန်း တက်ရောက်ခွင့်ပြုရန် ပဏာမရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူစာရင်းကို ဝန်ကြီးဌာန၏ website (https://www.monrec. gov.mm) တွင် ကြေညာပေးမည်ဖြစ်ကြောင်းနှင့် ပဏာမရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူများအား မိုင် ၂၀ လမ်းလျှောက်စွမ်းရည်စစ်ဆေးခြင်းကို ၁၈- ၁၁-၂၀၂၃ ရက် (စနေနေ့) တွင် ရေဆင်းဆည် ဆည်ပေါင်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Groups)များမှ အဖွဲ့ခေါင်းဆောင်များ၊ သီးနှံကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော သီးနှံထုတ်လုပ်မှု စွမ်းအားမြင့်မားစေရေးအတွက် မျိုးစေ့အပါအဝင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ပြည့်မီသောသွင်းအားစုများတောင်သူများလွယ်ကူစွာ ရရှိသုံးစွဲနိုင်ရေးကို သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း၊

တောင်သူလယ်သမားများ သွင်းအားစုမျိုးစေ့များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီ စီမံဆောင်ရွက်ရန်ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ တောင်သူများ မျိုးလိုအပ်ချိန်မှာ လိုအပ်သည့် မျိုးစေ့ပမာဏကို လွယ်ကူစွာဝယ်ယူရရှိနိုင်ရန် အလွယ်တကူချိတ်ဆက်နိုင်မည့် ကွန်ရက်တစ်ခု ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း၊ သီးနှံများ၏ မျိုးသစ်များနှင့် အရည်အသွေးမီမျိုးစေ့များကို ဖြန့်ဖြူးရာတွင် ပြည်ပနိုင်ငံများမှ မျိုးများကို မဖြစ်မနေမှသာ ဝယ်ယူတင်သွင်းသင့်ကြောင်း၊ မိမိတို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန တက္ကသိုလ်တို့မှ သီးနှံမျိုးသစ်များ မွေးမြူရေးနှင့် မျိုးသန့်ထုတ်လုပ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအနေဖြင့် မျိုးသစ်များ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စံချိန်စံညွှန်းပြည့်မီသော မျိုးစေ့များ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေရန်၊ မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိပြီးသော သီးနှံမျိုးများအား တင်သွင်း၊ ဖြန့်ဖြူး၊ တင်ပို့ခြင်းလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် မျိုးစေ့စီးပွားရေးလုပ်ငန်းများတွင် မသမာမှုများ ကာကွယ်နိုင်စေရန် မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၂၅) ကြိမ်မြောက် အစည်းအဝေးအထိ လယ်ယာသီးနှံ ၆၄၄ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၇၄၈ မျိုး၊ စက်မှုသီးနှံ ၁၃၂ မျိုးနှင့် မိဘမျိုးလိုင်း ၁၈၇ စုံ စုစုပေါင်း ၁၇၁၁ မျိုးကို မျိုးစေ့မှတ်ပုံတင်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကျင်းပသည့် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ (Technical Working Group) နှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (TSC) တို့က အဆင့်ဆင့်စိစစ်၍ တင်ပြလာသော စမ်းသပ်စိုက်ပျိုးအဖြေရရှိပြီး သီးနှံခြောက်မျိုး၏ မျိုးသစ်မျိုးဖျား ၄၁ မျိုး၊ လိုအပ်သော အချက်အလက် အပြည့်အစုံဖြင့်တင်ပြလာသည့် သီးနှံ ၂၇ မျိုး၏ မျိုးသစ်မျိုးဖျား ၈၉ မျိုးနှင့် မိဘမျိုးလိုင်းရှစ်စုံ စုစုပေါင်းမျိုးသစ် ၁၃၈ မျိုးတို့နှင့် စပ်လျဉ်း၍ မျိုးသစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မျက်စိနာရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဆီဆိုင် နိုဝင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)ရှိ စုပေါင်းခန်းမ၌ မျက်စိနာရောဂါဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ဦးစွာ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခွန်အောင်မန်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဆီဆိုင်မြို့ ဆိုက်ခေါင်တိုက်နယ်ဆေးရုံမှ ဒေါက်တာဆွေလဲ့ထူးက လတ်တလော မြို့နယ်အချို့၌ မျက်စိနာရောဂါအဖြစ်များလျက်ရှိကြောင်း၊ မျက်စိနာရောဂါမဖြစ်အောင် လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်များနှင့် မျက်စိနာရောဂါဖြစ်ပေါ်လာပါက အခြားသူများကို ကူးစက်မှုမဖြစ်စေရန် ပြုမူနေထိုင်ရမည့်နည်းလမ်းများနှင့် ကုသရမည့်နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနှံ့တင်ပို့ရောင်းချပြီး ဝင်ငွေကောင်းလျက်ရှိသည့် ပင်လောင်းမြို့နယ်မှ လိမ္မော်စိုက်တောင်သူများ

တွေ့ဆုံမေးမြန်း - ခွန်ရဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ လက်ဖက်၊ ပြောင်း၊ ချင်း၊ အာလူး၊ ခရမ်းချဉ်၊ လိမ္မော်၊ ပန်းမုန်လာနှင့် ဂေါ်ဖီထုပ်စသည်များ စိုက်ပျိုးကြပြီး မြန်မာနိုင်ငံအနှံ့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယင်းစိုက်ပျိုးသီးနှံများအနက် လိမ္မော်စိုက်ပျိုးပြီး ဝင်ငွေကောင်းမွန်လျက်ရှိသည့် ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထာငိုကျေးရွာမှ တောင်သူတစ်ဦးအား လိမ္မော်သီးများ စိုက်ပျိုးတင်ပို့ရောင်းချနေမှုအခြေအနေကို တွေ့ဆုံမေးမြန်းရေးသားလိုက်ပါသည်-

**မေး ။ ။ လိမ္မော်ပင်ကို စိုက်ပျိုးဖြစ်ခဲ့တဲ့ အကြောင်းလေး ရှင်းပြပေးပါဦး။**

ဖြေ ။ ။ လိမ္မော်ကို ၂၀၁၃ ခုနှစ်ကနေ စတင်စိုက်ပျိုးခဲ့ပြီး ဘိုးဘေးတွေ စတင်လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းဖြစ်တာကြောင့် အစဉ်အဆက် စိုက်ပျိုးလာခဲ့ရာမှ အခုဆိုရင် လိမ္မော်ခြံက နှစ်ပေါင်း ၁၀ နှစ်ကျော်ခဲ့ပါပြီ။

**မေး ။ ။ လိမ္မော်ပင်တွေ မစိုက်ပျိုးခင်မှာ မြေတွေကို ဘယ်လိုပြုပြင်ရသေးလဲ ပြောပြပေးပါဦး။**

ဖြေ ။ ။ မစိုက်ပျိုးခင် အရင်ဦးဆုံး ပေါင်းမြက်တွေကို မြက်ရိတ်စက်နဲ့ ရိတ်ခဲ့ရတယ်၊ မြက်ရိတ်ပြီးတော့ မြေတွေကို မွသွားအောင် ထွန်စက်နဲ့ထွန်ပြီး ထွန်ပြီးသားမြေကို ညီညာနေအောင် အရင်ဦးဆုံးညှိရတယ်။ ပြီးမှစိုက်ရတာပေါ့။ အပင်မစိုက်မီ သုံးလခန့်ကြိုတင်ပြီး ကျင်းတွေကို တူးရပါတယ်။ နှစ်ပေပတ်လည် နှစ်ပေအနက်တူးပြီး နွားချေးနဲ့ မြေဆွေးတွေကို စိုက်ကျင်းအထက် လေးလက်မလောက် မောက်အောင်ဖို့ပြီး မြေနှပ်ထားရတယ်။ ပင်ကြားတန်းကြား အကွာအဝေးကလည်း တစ်ပင်နဲ့တစ်ပင်ထိမနေစေဖို့ လိုအပ်ပါတယ်။

**မေး ။ ။ လိမ္မော်ပင်က ဘယ်လို မြေအမျိုးအစားမှာ စိုက်ပျိုးဖြစ်ထွန်းပါသလဲ။**

ဖြေ ။ ။ မြေသားထုနက်ပြီး သဲလိုမဖွာ၊ မစေးတဲ့မြေမျိုးမှာ ကောင်းစွာဖြစ်ထွန်းပါတယ်။ လိမ္မော်စိုက်ပျိုးဖို့ အကောင်းဆုံးမြေချဉ်ငန်ဓာတ်က pH (၆၇) ဖြစ်ရမယ်။ ရေဝပ်တဲ့မြေနဲ့ စိမ့်ပေါက်တဲ့မြေတွေမှာ အပင်မဖြစ်ထွန်းနိုင်ပါဘူး။

**မေး ။ ။ ကျင်းထဲထည့် စိုက်ပျိုးဖို့ ဘယ်အချိန်လောက်မှာ သင့်တော်ပါသလဲ။**

ဖြေ ။ ။ ပျိုးပင်သက်တမ်း အနည်းဆုံးတစ်နှစ်ခွဲကနေ နှစ်နှစ်သားခန့်ရှိမှ ကျင်းထဲထည့် စိုက်ပျိုးသင့်ပါတယ်။ မိုးရွာသွန်းမှုပေါ် မူတည်ပြီး ဇွန်လ၊ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ စိုက်ပျိုးသင့်ပါတယ်။

**မေး ။ ။ အပင်တွေ ကောင်းကောင်းမွန်မွန် ရှင်သန်ကြီးထွားဖို့ ပေါင်းမြက်တွေကို ဘယ်လို ရှင်းပေးရပါသလဲ။**

ဖြေ ။ ။ အပင်ကောင်းကောင်းမွန်မွန်နဲ့ ရှင်သန်နေဖို့ဆိုရင် အပင်ခြေမှာရှိတဲ့ ပေါင်းပင်တွေ၊ မြက်တွေကို အမြဲရှင်းထားရပါတယ်။ အပင်ငယ်ရင်တော့ အပင်ရဲ့ ဘေးပတ်ဝန်းကျင် နှစ်ပေပတ်လည်၊ အပင်ကြီးရင်တော့ လေးပေပတ်လည် အထိ ပေါင်းတွေကို ရှင်းရပါတယ်။ မိုးရာသီမှာ ပေါင်းပင်တွေ အလွယ်တကူပေါက်နိုင်လို့ မိုးတွင်းဆိုရင် မြေကို နှစ်ကြိမ်၊ နွေရာသီဆိုရင် မြက်ပင်က မပေါက်နိုင်တော့ မြေကို တစ်ကြိမ်ဆွပေးရပါတယ်။

**မေး ။ ။ အပင်အတွက်လိုအပ်တဲ့အာဟာရတွေအတွက် မြေဩဇာထည့်ပေးရသေးလား။ ထည့်ရရင် ဘယ်လိုမြေဩဇာ သုံးပါသလဲ။**

ဖြေ ။ ။ အပင်အတွက် လိုအပ်တဲ့အာဟာရတွေ အများအားဖြင့်သဘာဝမြေဩဇာတွေဖြစ်တဲ့ နွားချေးကို ထည့်ကြရပါတယ်။ တချို့က

> **❝ကျွန်တော်တို့ဒေသက လိမ္မော်သီးကိုတော့ အောက်တိုဘာလကနေစပြီး ခူးဆွတ်ရောင်းချရပါတယ်။ ဒီဇင်ဘာလလောက်ဆို အသီးတွေ သိပ်မရှိတော့ဘူး။ တင်ပို့ရောင်းချမှုနဲ့ပတ်သက်ပြီး ပင်လောင်းမြို့နယ်ထဲမှာရှိတဲ့ ငါးရက်တစ်ဈေး၊ လွိုင်ကော်၊ အောင်ပန်းကုန်စည်ဒိုင် အဲဒီကနေတစ်ဆင့် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် မြန်မာနိုင်ငံအနှံ့အပြားတော့ တင်ပို့ရောင်းချရတယ်။ ကျွန်တော်တို့လို တောင်သူတွေအနေနဲ့ လုပ်ငန်းရှင်ကြီးတွေနဲ့ ချိတ်ပြီးမှ ပြည်ပနိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ဖို့အတွက် ကြိုးစားကြရဦးမယ်❞**

(N:P:K) အချိုးပါတဲ့ မြေဩဇာကို မိုးဝင်ခါစ မေလနဲ့ ဇူလိုင်လမှာ ကျွေးကြရပါတယ်။



**မေး ။ ။ အပင်တွေ ပိုးမွှားရောဂါဒဏ်ကနေ ဘယ်လိုကာကွယ်နှိမ်နင်းရမလဲ။**

ဖြေ ။ ။ အများအားဖြင့်တော့ လိမ္မော်ပင်ကို ရွက်ထွင်းပိုး၊ ပျ၊ ပိုးစေးနဲ၊ လေ့ပိုးတွေက အများဆုံးကျရောက်တတ်တာကြောင့် ပင်လုံးပြန့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဖျန်းပေးရပါတယ်။ သီးလုံးပုပ်ရောဂါ၊ ရွက်ပြောက်မှိုရောဂါတွေ မကျဖို့အတွက် ဩဘာကထုတ်တဲ့ ဖန်ဂိုရမ်၊ ဂျက်ကက်၊ မန်ကိုမက်တွေကို စနစ်တကျဖော်စပ်ပြီးမှ နည်းစနစ်မှန်မှန် မကြာခဏ ဖျန်းပေးရပါတယ်။

**မေး ။ ။ လိမ္မော်ကို ဘယ်အချိန်လောက်မှာ အများဆုံး ခူးဆွတ်ကြရပါသလဲ။ ဘယ်ကိုတင်ပို့ရောင်းချကြပါသလဲ။ ပြည်တွင်းအပြင် ပြည်ပကိုပို့ဖို့ အစီအစဉ်ရှိပါသလား။**

ဖြေ ။ ။ ကျွန်တော်တို့ဒေသက လိမ္မော်သီးကိုတော့ အောက်တိုဘာလကနေစပြီး ခူးဆွတ်ရောင်းချရပါတယ်။ ဒီဇင်ဘာလလောက်ဆို အသီးတွေ သိပ်မရှိတော့ဘူး။ တင်ပို့ရောင်းချမှုနဲ့ ပတ်သက်ပြီး ပင်လောင်းမြို့နယ်ထဲမှာရှိတဲ့ ငါးရက်တစ်ဈေး၊ လွိုင်ကော်၊ အောင်ပန်းကုန်စည်ဒိုင် အဲဒီကနေတစ်ဆင့် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် မြန်မာနိုင်ငံအနှံ့အပြားတော့ တင်ပို့ရောင်းချရတယ်။ ကျွန်တော်တို့လို တောင်သူတွေအနေနဲ့ လုပ်ငန်းရှင်ကြီးတွေနဲ့ ချိတ်ပြီးမှ ပြည်ပနိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ဖို့အတွက် ကြိုးစားကြရဦးမယ်။

**မေး ။ ။ အသီးအရွယ်အစားအလိုက် ဈေးနှုန်းတွေ သတ်မှတ်ထားတယ်လို့ သိရပါတယ်။ အသီးအရွယ်အစားကို ဘယ်လိုသတ်မှတ်ပြီး ဈေးနှုန်းတွေအနေနဲ့ရော ဘယ်လိုရောင်းချရပါသလဲ သိပါရစေ။**

ဖြေ ။ ။ အသီးတွေကို အရွယ်အစားအနေနဲ့ တစ်၊ နှစ်၊ သုံး၊ လေးဆိုပြီး ဆိုဒ်လေးမျိုးရှိတယ်။ နံပါတ်တစ်ဆိုဒ်ကိုတော့ တစ်ပိဿာကို ကျပ် ၄၅၀၀-၅၀၀၀ ရောင်းရတယ်၊ နံပါတ်နှစ်ဆိုဒ်ကတော့ ကျပ် ၃၀၀၀-၄၀၀၀၊ နံပါတ်သုံးဆိုဒ်က ကျပ် ၂၀၀၀-၂၇၀၀၊ နံပါတ်လေးဆိုဒ်ကတော့ ကျပ် ၁၀၀၀-၁၅၀၀ အထိ အသီးအရွယ်အစားအပေါ် မူတည်ပြီး အမျိုးမျိုးရောင်းရပါတယ်။

**မေး ။ ။ အစ်ကိုတို့အနေနဲ့ လိမ္မော်ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးတာလား၊ စီးပွားဖြစ်စိုက်တာလား သိရပါစေ။**

ဖြေ ။ ။ လိမ္မော်ခြံက အပင်ပေါင်း ၁၂၀၀ ကျော်ရှိတယ်ဆိုတော့ စီးပွားဖြစ်စိုက်ပျိုးထားတာပါ။ တစ်နှစ်ပတ်လုံးရောင်းချပြီး စာရင်းအကုန်ချုပ်ရင်တော့ ကျပ်သိန်း ၂၀၀ ဝန်းကျင်တော့ ကျန်ပါတယ်။ လိမ္မော်စိုက်ပျိုးပြီး အဲဒီလောက်ကျန်တော့ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေပါတယ်။

**မေး ။ ။ တခြား လိမ္မော်မစိုက်ဘဲ ဝင်ငွေနည်းတဲ့ တောင်သူတွေကို လိမ္မော်စိုက်ပျိုးဖို့ ဘယ်လိုအကြံပြုချင်ပါသလဲ။**

ဖြေ ။ ။ လိမ္မော်ပင်က နှစ်ရှည်ပင်ဖြစ်တဲ့အတွက် နှစ်ကာလကြာမှ တစ်ကြိမ်သာ စိုက်ပျိုးရတဲ့အတွက် မစိုက်ပျိုးရသေးတဲ့ တောင်သူတွေကို စိုက်ပျိုးစေချင်ပါတယ်။ စစိုက်ပျိုးပြီး ငါးနှစ်လောက်နေရင် အသီးသီးပြီး နှစ်စဉ်မိသားစုဝင်ငွေရနေတာကြောင့် စိုက်ပျိုးကြဖို့နဲ့ စိုက်ပျိုးပြီးရင်လည်း လိမ္မော်ခြံကို ပစ်မထားဘဲ သေချာဂရုစိုက်ထိန်းသိမ်းကာကွယ်ဖို့လိုပါတယ်။ ဒါမှလည်း ဝင်ငွေနည်းတဲ့တောင်သူတွေအနေနဲ့ မိသားစုဝင်ငွေတွေ ကောင်းမွန်လာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်သူများ မိသားစုဝင်ငွေရရှိပြီး လူနေမှုဘဝမြင့်မားစေရန်အတွက် နှစ်စဉ်ပုံမှန်ဝင်ငွေရရှိနေကြသည့် ပင်လောင်းမြို့နယ်က စိမ်းစိုလှပပြီး သာယာလှပသည့် ထာငိုရွာမှ လိမ္မော်သီး စိုက်ပျိုးရောင်းချနေမှုများကို ရေးသားတင်ပြလိုက်ရပါသည်။ ။



ခူးဆွတ်ပြီးသော လိမ္မော်သီးများကို အရွယ်အစားရွေးနေစဉ်။

## ပခုက္ကူမြို့၌ မျက်စိနာရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၁၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ မျက်စိနာရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

### ရှင်းလင်းဟောပြော

ဦးစွာ ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးဆန်းမင်းအောင်က မျက်စိနီရဲခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ မျက်စိယားယံခြင်း၊ မျက်စိနာကျင်ရောင်ရမ်းခြင်း၊ မျက်ရည်ယိုခြင်း၊ အလင်းရောင် မကြည့်နိုင်ခြင်း စသည့်မျက်စိနာရောဂါလက္ခဏာရပ်များ၊ မျက်စိရောဂါဖြစ်စေနိုင်သည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်မြေးရောင်ရောဂါနှင့်မျက်စိနာရောဂါကာကွယ်ရေးနည်းလမ်းများ အကြောင်းတို့ကို ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဦးမြင့်စိုး သင်တန်းထူးချွန်သူများအား ဂုဏ်ပြု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့် အတူ ယမန်နေ့ နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တွင် ကျင်းပသော အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ် သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရသင်တန်းသူများအား အပ်ချုပ်စက်၊ ဘီတင်စက်၊ ခေါးစက်၊ ကြယ်သီးရိုက်စက် အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အင်္ဂပူမြို့နယ် ရွှေတောင်စု ခေတ်မီစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကုန်ထုတ်လမ်း အရှည်ပေ ၈၂၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာရှိလယ်မြေ ၂၂၁ ဧကတွင် အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်နှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရသင်တန်းသူများအား အပ်ချုပ်စက်၊ ဘီတင်စက်၊ ခေါးစက်၊ ကြယ်သီးရိုက်စက် အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့နယ် ညောင်ချဉ်ကျေးရွာရှိ တိုးတက်အောင် နေကြာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ နေကြာစိုက်ခင်းများနှင့် မြေပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ ခတ္တာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ လယ်မြေ ၃၀၉ ဧကတွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ရောမင်း မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကာ အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများကို စနစ်တကျအသုံးပြုရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဦးစီးဌာန လေးခုမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ဆောင်ရွက်ပေးရန်၊ မိမိတို့ဘဝ တိုးတက်ရေးအတွက် အခွင့်အလမ်းများရှာဖွေ၍ ကြိုးစားဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကြံခင်းမြို့နယ် အိုးဘိုကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူငယ်ရေးရာ

### စစ်တွေမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**စစ်တွေ နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးသင်တန်းကျောင်းခန်းမ၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက "လွတ်လပ်ရေးအမွေ ထိန်းသိမ်းစို့လေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်မြတ်သူက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်းဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်ရေးရာစာအုပ်/စာစောင်များကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျော့သောင်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ကျော့သောင်း နိုဝင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် အတွင်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ချုပ်သူ ဗိုလ်ကြီးရဲရင့်ထွန်းက လူငယ်စကားဝိုင်း လာရောက်ပြုလုပ်ပေးခြင်းနှင့် ပတ်သက်၍ ဝမ်းသာပီတိစကား ပြောကြားပြီး ကော့သောင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောင်းသား ကျောင်းသူလေးများက လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် IT နည်းပညာ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး စသည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



### မုဒုံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**မုဒုံ နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က အထက(ခွဲ)နိုင်လှုံစာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် မုဒုံမြို့နယ်ပညာရေးမှူးရုံးမှလက်ထောက် ပညာရေးမှူး ဒေါ်ကေသီစံက အမှာစကားပြောကြားသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့်စာဖတ်ခြင်း အကျိုးကျေးဇူးခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးကာ စာအုပ်စာစောင်၊ နံရံကပ်ပိုစတာများ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မအီမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**မအီ နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မအီမြို့ ဂျီဖြူတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲ၌ မအီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးသက်နောင်ထွန်းက "လူငယ်နှင့်ပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဇော်ထွန်းက "အသိနှင့်ပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

အခမ်းအနားအပြီးတွင်ဟောပြောပွဲတက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် "ကလေးအလုပ်သမား ပပျောက်ရေး"နှင့် "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး" အသိပညာပေး နံရံကပ်စာစောင်တို့ကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင် နိုဝင်ဘာ ၁၅ ရက်တွင် တွေ့ဆုံမည်

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နိုဝင်ဘာ ၁၅ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံဆွေးနွေးမည်**

ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၏ ပြင်ပအစည်းအဝေးအဖြစ် သမ္မတနှစ်ဦးသည် နိုဝင်ဘာ ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အကြီးတန်းအရာရှိတစ်ဦးက ယမန်နေ့က ဆိုသည်။

အဆိုပါ တွေ့ဆုံမှုသည် ယခုနှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုဖြစ်လာမည် ဖြစ်သည်။ ခေါင်းဆောင်နှစ်ဦးသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့တက်ရောက်စဉ်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

ခေါင်းဆောင်များသည် အမေရိကန်-တရုတ် ဆက်ဆံရေးတွင် မဟာဗျူဟာဦးတည်ချက်နှင့် နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ အရာရှိများပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုကို ဆက်လက်ထိန်းသိမ်းထားရန် အရေးကြီးကြောင်း ခေါင်းဆောင်နှစ်ဦးက





ဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခများအပြင် ဒေသတွင်းပြဿနာများနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ဆွေးနွေးသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

အောက်တိုဘာလ နှောင်းပိုင်းတွင် တရုတ်နိုင်ငံ၏ ထိပ်တန်းသံတမန် ဝမ်ယိသည် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ကျင်းပရန်အတွက် ဝါရှင်တန်မြို့သို့ လာရောက်ခဲ့သည်။

အမေရိကန်-တရုတ် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးသည် နှစ်နိုင်ငံကြား ပဋိပက္ခဖြစ်နိုင်သည့် အန္တရာယ်ကို ရှောင်ရှားနိုင်ရန်နှင့် ပြိုင်ဆိုင်မှုကို စီမံခန့်ခွဲရန်ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးပေါ်အစည်းအဝေး ကျင်းပ၊ အစ္စရေး - ပါလက်စတိုင်းအရေး ဆွေးနွေး

**ဂျေရုဆလင် နိုဝင်ဘာ ၁၁**



နိုဝင်ဘာ ၁၁ ရက်တွင် ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးပေါ်အစည်းအဝေးတွင် အမေရိကန်က အစ္စရေးကို ကျောထောက်နောက်ခံပြုပေးနေသည်ဆိုသည့် ရပ်တည်ချက်ကို ထုတ်ဖော်လျက်ရှိစဉ် ကျန်ကိုယ်စားလှယ်နိုင်ငံများက ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံများကို အစ္စရေးတပ်မတော်က တိုက်ခိုက်မည်ကို စိုးရိမ်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ အရေးပေါ်အစည်းအဝေး မစတင်မီ ကိုယ်စားလှယ်အားလုံးသည် အစ္စရေးနှင့် ဂါဇာတို့၌ သေဆုံးခဲ့ရသည့် အရပ်သားများကို အောက်မေ့သတိရသည့် အနေဖြင့် တစ်မိနစ်ခန့် ငြိမ်သက်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ဂါဇာကမ်းမြောင်ဒေသ၏ လက်ရှိအခြေအနေသည် အလွန်ဆိုးရွားလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ဆေးရုံများတွင် ထိခိုက်ဒဏ်ရာရသူများ၊ ဖျားနာသူများနှင့် ပြည့်ကျပ်လျက်ရှိပြီး မေ့ဆေးသုံးစွဲခြင်းမရှိဘဲ ခွဲစိတ်မှုများဆောင်ရွက်နေရကြောင်း ဂါဘရီယီဆက်စ်က ဆိုသည်။ ထို့ပြင် ဂါဇာဒေသ၌ ၁၀ မိနစ်တိုင်း ကလေးတစ်ယောက် သေဆုံးလျက်ရှိသည်ဟု ဂါဘရီယီဆက်စ်က ဆိုသည်။

လွန်ခဲ့သည့် ၄၈ နာရီအတွင်း ဆေးရုံ လေးရုံတွင် လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းထားရသည်။

အရပ်သားများ ထပ်မံသေဆုံးမှုကို ကာကွယ်တားဆီးရန်နှင့် ဂါဇာကမ်းမြောင်၏ ဆေးရုံများနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ထပ်မံမပျက်စီးရေးအတွက် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်တောင်းဆိုပါကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေး၏ တိုက်ခိုက်မှုများသည် ရက်စက်ပြီး လူဆန်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စု သံအမတ်ကြီး လာနာဇာကီနူဆီဘက်ရှ်က ပြောကြားသည်။

ဟားမတ်စ်အဖွဲ့သည် ဆေးဘက်ဆိုင်ရာ အလုပ်သမားများနှင့် လူနာများကို လူသားဒိုင်းအဖြစ် အသုံးပြုနေသည်ဟု အစ္စရေး သံအမတ်ကြီး ဂျီလက် အာဒန်က စွပ်စွဲပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီသီယိုးပီးယားနိုင်ငံ၌ ကလေးငယ် ၇ ဒသမ ၆ သန်း ကျောင်းထွက်ခဲ့ရ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၁**

အီသီယိုးပီးယားနိုင်ငံ၌ သဘာဝဘေးနှင့် ပဋိပက္ခများကြုံတွေ့ရခြင်းကြောင့် ကလေး ၇ ဒသမ ၆ သန်းခန့် ကျောင်းထွက်ခဲ့ရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အီသီယိုးပီးယား လူသားချင်းစာနာမှု အခြေအနေဆိုင်ရာ နောက်ဆုံးအစီရင်ခံစာတွင် အရှေ့အာဖရိကနိုင်ငံ အသီးသီးတွင် ဖြစ်ပွားနေသော ပဋိပက္ခများသည် ကလေးများ၏ ပညာသင်ကြားခွင့်ကို အပျက်သဘောဆောင်သည်ဟု ဖော်ပြထားသည်။

အမ်ဟာရာဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခသည် တင်းမာပြီး မငြိမ်မသက်ဖြစ်နေဆဲဖြစ်ကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် အခက်အခဲများ ဆက်လက်ဖြစ်ပေါ်နေကြောင်းလည်း သိရသည်။

ဒေသအနှံ့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် စာသင်ကျောင်း ၂၅၄ ကျောင်း ပျက်စီးခဲ့ပြီး ကလေး ၉၂၆၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် ရန်ပုံငွေပြတ်လပ်မှုကြောင့် အီသီယိုးပီးယားနိုင်ငံတစ်ဝန်း လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များ တိုးလာနေပြီး အီသီယိုးပီးယားနိုင်ငံ၌ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်များကို အဟန့်အတားဖြစ်စေကြောင်း ၎င်းအဖွဲ့က ပြောကြားခဲ့သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့သည် အီသီယိုးပီးယားရှိ ကလေးများ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများနှင့် အမျိုးသားများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အရေးကြီးသော ရန်ပုံငွေအတွက် ဆက်လက်တောင်းဆိုလျက်ရှိကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဂါဇာကမ်းမြောင်ဒေသ၌ ပြည်သူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရ

**ဂျေရုဆလင် နိုဝင်ဘာ ၁၁**

ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည့်အတွက် ပြည်သူထောင်ပေါင်းများစွာသည် အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုများမှ လွတ်မြောက်ရန် ဘေးလွတ်ရာသို့ ပြောင်းရွှေ့လျက်ရှိသည်။

နိုဝင်ဘာ ၉ ရက်တစ်ရက်တည်းတွင် လူပေါင်း ၅၀၀၀၀ ကျော်သည် တောင်ဘက်ပိုင်းသို့ ခြေကျင် သို့မဟုတ် မြည်းများဖြင့် ထွက်ပြေးခဲ့ကြသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီတစ်ခုက ခန့်မှန်းပြောကြားသည်။

အစ္စရေးလေတပ်က စာသင်ကျောင်း အဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းကြောင့် ခိုလှုံလျက်ရှိသည့် အဆိုပါ အဆောက်အအုံမှ တခြားဘေးလွတ်ရာနေရာတစ်ခုသို့ ထွက်ပြေးခဲ့ရကြောင်း အမျိုးသမီးတစ်ဦးက ဆိုသည်။



ဂါဇာကမ်းမြောင်ဒေသရှိ လူဦးရေ ၁ ဒသမ ၅ သန်းကျော် သို့မဟုတ် ၆၀ ရာခိုင်နှုန်းခန့်သည် စစ်ဆင်ရေးဆင်နွှဲမှုများ စတင်သည့် အောက်တိုဘာ ၇ ရက်မှစပြီး နေရပ်စွန့်ခွာ ထွက်ပြေးနေကြရသည်။

အလယ်ပိုင်းဒေသတွင် ပြည်သူများအတွက် စစ်ဘေးရှောင်ဒုက္ခသည်စခန်းအသစ်နှစ်ခု ထူထောင်ထားကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိပြည်သူများသည် သောက်သုံးရေနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများဖြင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံးက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၏ ဝိုင်တင်သွင်းမှု ယခုနှစ် ပထမ ၁၀ လအတွင်း ခြောက်ရာခိုင်နှုန်းမြင့်တက်

**မော်စကို နိုဝင်ဘာ ၁၁**

ရုရှားနိုင်ငံ၏ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဝိုင်တင်သွင်းမှုသည် ယမန်နှစ်အလားတူကာလထက် ခြောက်ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း နိုဝင်ဘာ ၁၀ ရက်တွင် ပြုလုပ်သည့် ရုရှားဝိုင် ထုတ်လုပ်ရေးဖိုရမ်တွင် ရုရှားအကောက်ခွန်ဌာန အထွေထွေအကြီးအကဲ မက်ဆင်ချမိုရာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဝိုင်တန်ချိန် ၅၃၂၄၀၀ တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ် ပထမ ၁၀ လတွင် တန်ချိန် ၅၀၁၁၀၀ တင်သွင်းခဲ့ကြောင်း အဆိုပါအကောက်ခွန်ဌာနမှ သိရသည်။

ရုရှားနိုင်ငံ၏ ဝိုင်တင်သွင်းမှုများအနက် ၃၀ ရာခိုင်နှုန်းကို အီတလီမှ အဓိကတင်သွင်းကြောင်း မက်ဆင်ချမိုရာက မှတ်ချက်ပြုပြောကြားခဲ့သည်။ ထို့ပြင် အခြားထိပ်တန်းနိုင်ငံများအဖြစ် ဂျော်ဂျီယာနိုင်ငံက ၁၇ ရာခိုင်နှုန်း၊ စပိန်နိုင်ငံက ၁၃ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံက ရှစ်ရာခိုင်နှုန်းနှင့် ပေါ်တူဂီနိုင်ငံက ခြောက်ရာခိုင်နှုန်းတို့ တင်သွင်းခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ရုရှား၏ ဝိုင်တင်ပို့မှုသည် အလားတူ ကာလတစ်လျှောက်လုံး လျော့ကျသွားခဲ့ပြီး ဝိုင်တင်ပို့မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၁၄၀၀ ရှိပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၂၈၀၀ ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံထုတ်ဝိုင်ကို အဓိကဝယ်ယူသည့် နိုင်ငံများမှာ အစ္စရေးနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် တူကီယဲနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာ နိုဝင်ဘာ ၇ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Smart အမွှေးဆီ ကီလိုဂရမ် ၂၁၉၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇၇၆၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Recond TV 32" ၂၄ လုံး၊ Spa ဆိုဖာထိုင်ခုံအဟောင်း ၃၂ လုံး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၇၇၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်း မြစ်ငယ်တံတားအနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဆိုင်ကယ်ထိုင်ခုံအစွပ် ကီလိုဂရမ် ၁၀၂၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ နောက်လယ်ရပ်ကွက်ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင် စားအုန်းဆီ ငါးလီတာပါ ဘူး ၁၂၀၊ Lactasoy ပဲနို့ဘူး ၆၀၀၀၊ Window နို့ခရင်မ်ဘီစကွတ် ကီလိုဂရမ် ၃၆၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Oriental Style ခေါက်ဆွဲခြောက် ၆၃၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၂၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသော ယာဉ်အပိုပစ္စည်းများဖြစ်သည့် Tube Valves အဆို့ရှင် ကီလိုဂရမ် ၅၃၁၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၁၅၈၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ သိမ်ဇရပ်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီ ၁၈ လီတာပါ ၁၂၂ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace တစ်စီးနှင့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၁၅၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၉၁၁၄၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# လဲချားမြို့နယ် ဟိုရင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

လဲချား နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကွပ်ကဲမှုအောက်ရှိ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့မကျေးရွာအုပ်စု ဟိုရင်ကျေးရွာ၌ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လဲချားမြို့နယ် ဦးစီးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများသည် ဟိုရင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအသင်းသား အသင်းသူများ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ/မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဟိုရင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၇၀ အား နဝမအကြိမ်မြောက် ရန်ပုံငွေကျပ် ၅၃၅ သိန်းအထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁၁-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သာလီစွပ်ပါမြို့မြောက်ဦး
၀၉:၁၅ နဝင်္ဂဥပေါ်သထသီလခံယူဆောက်တည်ခြင်း
၀၉:၃၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၇)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ 'သီတင်းကျွတ်မင်္ဂလာ' တေးဂီတပျော်ပွဲ
၁၁:၃၀ အသိပညာနှင့်အမှန်တရား
၁၂:၃၀ 'ရဟန်းတစ်ပါးကြွလာသည်' တရားတော်
၁၃:၀၀ This Week's Speical Interest
၁၃:၃၀ MRTV National News
၁၄:၀၀ ဆေးရောင်စုံရုပ်ရှင် 'ရွှေမိုးသည်း' (ရန်အောင်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ)
၁၆:၃၅ Sports Diary
၁၇:၂၅ အသက်ရှူတိုင်းသတိရှိပါ ကမ္ဘာအဆုတ်ရောင်ရောဂါ
၁၇:၃၅ Economic Review
၁၈:၃၅ ဘယ်သူမှန်လဲ အပြိုင်ကြိ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'ပရိသတ်ရင်ထဲက တစ်ခါကဗီစိမ်း' 'ဝန်းဝန်းဝင်း' (အပိုင်း-၁)
၂၁:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း 'ပဒုံအတူ' (မြင့်မြတ်၊ ဝတ်မှုံရွှေရည်)

### mitv

07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:10 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
07:35 Sri Ksetra, Field of Fortune & Glory (Part-1)
07:55 Paper Toys
08:01 News
08:27 Pauk Thit Basketry Village
08:46 Listening Pleasure, Instrumental Music (Mandolin) Special Show
09:01 Irrawaddy Dolphin (Part-1)
09:16 Inn Yaung Village's Tazaungdine Night
09:27 Today Myanmar: Bamboo Products
09:40 Clay Art On Canvas: Ricky Zachariah
10:27 News
10:27 Five Tooth Relic Enshrined Pagodas

### MRTV NRC

မွန် (၀၆:၀၀ မှ ၀၈:၀၀)
ကျန်းမာရေးအတွက်ငှက်သိုက်ပေါင်းရည်
ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)
သာယာရှုမောဖွယ်ရမ္မာမြေ
ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)
ရှမ်းဘာသာစကားပြောကြရအောင်နော် သစ်သီးဝလံ(အပိုင်း-၁)
ဝ (၁၂:၀၀ မှ ၁၄:၀၀)
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလူမှုဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)
ကချင် (၁၄:၀၀ မှ ၁၆:၀၀)
စားချင်စဖွယ်ကချင်ဆာဖြယ်
ကယား (၁၆:၀၀ မှ ၁၈:၀၀)
ဒူးကွင်း(ခေါ်)ကုဘိုးဒူမြုလုပ်ပုံ
စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၆)
အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
ထီလာပုဂံ
အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
ကြယ်ကလေးများအတွက်ပုံပြင်
ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)
အံ့ဖွယ်အစွမ်းထက် ချဉ်ပေါင်
ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁၉)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၂၅ စိုက်ပျိုးမွေးမြူသုတဘဏ်
၀၆:၄၀ သမားရိုးကျမှသည် ဆန်းသစ်မှုဆီသို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
၂၂:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၀ 'မြတ်သောအလှူ' ပညာပေးဇာတ်လမ်း

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လင်းခေးမြို့နယ်၊ ကာလိမြို့၊ လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းမြို့၊ လင်းခေးမြို့နယ်၊ ကာလိမြို့၊ လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းဆတ်မြို့၌ ပါဆပ်ရေလှောင်ဆည်နှင့် တူးမြောင်းစနစ် တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

မိုင်းဆတ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မယ်နင်ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေ အလုံအလောက် ရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မယ်နင်ကျေးရွာအုပ်စု ခြောက်မိုင်(လားဟူ)ကျေးရွာအနီးရှိ ပါဆပ်ချောင်း၌ တာဝန်ယူတည်ဆောက်သည့် ရေလှောင်ဆည်နှင့် တူးမြောင်းစနစ်တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မယ်နင်ကျေးရွာအုပ်စုရှိဒေသခံတောင်သူများက စိုက်ပျိုးရေရရှိရန်အတွက် ပါဆပ်ချောင်းပေါ်တွင် သစ်၊ ဝါးများ အသုံးပြုကာ ဒေသလက်ရိုက်ဆည်အဖြစ် အသုံးပြုခဲ့ကြပြီး ယင်းလက်ရိုက်ဆည်သည် မိုးတွင်းကာလ၌ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ချောင်းရေစီးအားကြောင့် မကြာခဏကျိုးပေါက်၍ စိုက်ပျိုးရေ လုံလောက်စွာ မရရှိခြင်း၊ အောင်ရေ မရရှိခြင်းတို့ကြောင့် စံချိန်မီခိုင်ခံ့သည့် ဆည်တစ်ခုရရှိရန် ဒေသခံတောင်သူများက တင်ပြတောင်းခံကြရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၉၀၀ ဖြင့် ပါဆပ်ရေလှောင်ဆည်နှင့် တူးမြောင်းစနစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃ ခုနှစ် ဇွန် ၁၆ ရက်မှစတင်၍ တာဝန်ယူတည်ဆောက်ခဲ့ပြီး စက်တင်ဘာ ၈ ရက်၌ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့သည်။



အဆိုပါ ဒေသလက်ရိုက်ဆည်နေရာတွင် စံချိန်မီခိုင်ခံ့သည့် ရေလှောင်ဆည် တည်ဆောက်ပေးခဲ့ခြင်းကြောင့် မယ်နင်ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူများ၏ မိုးစပါးလယ်မြေဧက ၁၂၀ အတွက် အောင်ရေရရှိသည်အထိ ပါဆပ်ရေလှောင်ဆည်မှ စိုက်ပျိုးရေ အလုံအလောက် ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ခိုင်မြင့်က ပြောသည်။

**မြင့်မောင်(မိုင်းဆတ်)**

# ဟသ္သာတမြို့၌ ခရိုင်အဆင့် အားကစားနည်း ခုနစ်မျိုး လူရွေးပွဲ ကျင်းပ



ဟသ္သာတ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင်တွင်၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဟသ္သာတခရိုင်နှင့် မြန်အောင်ခရိုင်တို့မှ ကျောင်းသားကျောင်းသူများ၏ အားကစားနည်း ခုနစ်မျိုး လူရွေးပွဲကို ယနေ့ နံနက် ၇ နာရီမှစတင်၍ ဟသ္သာတမြို့ ပြည်သူ့အားကစားပြိုင်ကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမ၊ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲ လူရွေးပွဲကို ဟသ္သာတမြို့နယ်၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ဟသ္သာတ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ မြို့နယ်အဆင့် လက်ရွေးစင်ကျောင်းသားကျောင်းသူ ၅၀၀ တို့မှ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ တိုင်းအဆင့်ပြိုင်ပွဲများတွင် ခရိုင်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရမည်းသင်းခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေး လူရွေးပွဲကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၁၁

ရမည်းသင်းခရိုင် ခရိုင်ပညာရေးမှူးရုံးက ဦးဆောင်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသားအားကစားပွဲတော်တွင် ပါဝင် ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် အားကစားလေ့ကျင့်ခြင်းနှင့် လူရွေးချယ်ပွဲများကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ခရိုင်ပြည်သူ့အားကစားကွင်း အထက(၁)နှင့် အထက(မြို့မ)ကျောင်းများ၌ ကျင်းပသည်။

**လူရွေးပွဲကျင်းပခဲ့**

အဆိုပါ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်နှင့် စားပွဲတင်တင်းနစ် ကစားနည်းများကို ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအဆင့် လက်ရွေးစင် အားကစား ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား အသင်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းကာ ပွဲစဉ်ဇယားများ ရေးဆွဲယှဉ်ပြိုင်ပြီး ခရိုင်လက်ရွေးစင်အားကစားမောင်မယ်များအဖြစ် စိစစ်ရွေးချယ်နိုင်ရေး အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြုလုပ်၍ လူရွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြောင်းမြမြို့၌ ခရိုင်ပညာရေးမှူးဖလား သုံးမြို့နယ် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ် ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မြောင်းမြ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ခရိုင်ပညာရေးမှူးဖလား သုံးမြို့နယ် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ် ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို မြောင်းမြမြို့ အထက(၆) ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကို မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်တို့မှ ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ကာယဆရာ ဆရာမများ တက်ရောက်ကြပြီး မြောင်းမြခရိုင် တာဝန်ခံပညာရေးမှူး ဆရာကြီး ဦးစိုးစိုးထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ပြိုင်ပွဲဝင် အားကစားသမားစုစုပေါင်း ၁၁၂ ဦးတို့ ယှဉ်ပြိုင်ကစားကြရာ တက်ရောက်လာကြသော ဆရာကြီး ဆရာမကြီးများက ဆုရရှိသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့အပြင် တိုင်းဒေသကြီးအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲအတွက် လူရွေးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



# သွင်းကုန်အစားထိုး ဒေသတွင်းစိုက်ပျိုးရေးသုံးထုတ်ကုန် "ရွှေမြေဆီ" သဘာဝမြေသြဇာ

ယနေ့ခေတ် လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် တစ်သီးစားသာမက သီးထပ်သီးညှပ်၊ နှစ်သီးစား၊ သုံးသီးစား စိုက်နည်းစနစ်များဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နေကြပြီဖြစ်သည်။ ထိုသို့စိုက်ပျိုးရာတွင် သီးနှံတစ်ဧကအထွက်တိုးစေရေးအတွက် ဓာတုဓာတ်မြေသြဇာများ တွင်ကျယ်စွာ အသုံးပြုလာကြသည်ကို မြင်တွေ့နေကြရသည်။

တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးမှုနှင့်အတူ ဓာတုဓာတ်မြေသြဇာများအပေါ် မှီခိုအားကိုးမှုများကြောင့် သီးနှံစိုက်ခင်းမြေများ မြေဆီလွှာအာဟာရဓာတ်လျော့နည်းပျက်စီးလာခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ ဓာတုဓာတ်ကြွင်းများနှင့် အခြားသောဘေးထွက်ဆိုးကျိုးများကိုလည်း တွေ့မြင်ခံစားနေကြရပါသည်။ အဆိုပါပြဿနာကို ကုစားဖြေရှင်းပေးနိုင်မည့် နည်းလမ်းကောင်းတစ်ခုမှာ စိုက်ပျိုးရေးလုပ်ငန်းများ၌ သဘာဝမြေသြဇာများ အစားထိုးသုံးစွဲခြင်းပင်ဖြစ်သည်။

တွေ့ဆုံမေးမြန်း - ဒေါ်လှလှဌေး
ဓာတ်ပုံ - နဒီ (ပြန်/ဆက်)




မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ရှိသည့် "ရွှေမြေဆီ" သဘာဝမြေသြဇာလုပ်ငန်းသည် ဒေသတွင်းရှိ တောင်သူများ သဘာဝဓာတ်မြေသြဇာ အသုံးပြုမှုတွင်ကျယ်စေရန် ရည်ရွယ်ပြီး တည်ထောင်ခဲ့သည့် အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ကိုယ်တိုင်လည်း စိုက်ပျိုးတောင်သူတစ်ဦးဖြစ်ပြီး ရည်ရွယ်ချက်ကောင်းဖြင့် လုပ်ငန်းလုပ်ကိုင်နေသည့် ရွှေမြေဆီ သဘာဝမြေသြဇာလုပ်ငန်း၏ တာဝန်ခံဖြစ်သူ ခွန်ရဲလင်းထက်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို ပြန်လည်မျှဝေလိုက်ရပါသည်။

**မေး။** ။ "ရွှေမြေဆီ" သဘာဝမြေသြဇာလုပ်ငန်း စတင်လုပ်ဆောင်ခဲ့ပုံကို သိပါရစေ။

**ဖြေ။** ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒေသခံ တောင်သူပါပဲ။ ဥယျာဉ်ခြံစိုက်တယ်။ ကျွန်တော်တို့နိုင်ငံမှာက စိုက်ပျိုးရေး၊ မွေးမြူရေး အဓိကလုပ်ကြတယ်။ စိုက်ပျိုးလယ်ယာမြေတွေမှာ ဓာတုဓာတ်မြေသြဇာတွေ သုံးတာများလာတော့ မြေအဆီဓာတ်တွေ ခြောက်ခန်းလာတယ်။ ကျွန်တော်တို့စိုက်သမျှအပင်တွေက မှန်းသလောက်မထွက်ဘူး။ ဒီလိုဖြစ်တာကို နှစ်အတန်ကြာ လေ့လာတော့မှ ဒီမြေဆီက သဘာဝဓာတ်တွေ ခြောက်ခန်းလာပြီ၊ သဘာဝမြေသြဇာထည့်ဖို့လိုပြီဆိုတာကို သိလိုက်ရတယ်။ ဒါကြောင့် သဘာဝမြေသြဇာကို နည်းအမျိုးမျိုးနဲ့ အချိန်ယူလေ့လာပြီး စမ်းသပ်ထုတ်လုပ်ခဲ့တာပါ။

**မေး။** ။ ဒီကထုတ်တဲ့ သဘာဝမြေသြဇာကို ဘယ်လိုအသုံးပြုရပြီးတော့ ကုန်ကြမ်းတွေအဖြစ် ဘာကိုအသုံးပြုထားတယ်ဆိုတာ ရှင်းပြပေးပါဦး။

**ဖြေ။** ။ ကျွန်တော်တို့ အခုထုတ်တဲ့ "ရွှေမြေဆီ" သဘာဝမြေသြဇာကို သဘာဝပစ္စည်းတွေနဲ့ပဲ ထုတ်လုပ်ထားတယ်။ လုပ်ငန်းက လည်ပတ်တာ တစ်နှစ်ဝန်းကျင်လောက်ပဲရှိသေးတော့ အမှုန့်အနေနဲ့ပဲ ထုတ်နိုင်သေးတယ်။ လယ်မြေ၊ ဥယျာဉ်ခြံမြေတွေမှာ မြေခံအဖြစ်ထည့်ပြီး အသုံးပြုလို့ရပါတယ်။ အမှုန့်ဖြစ်နေတော့ ရေနက်ကွင်းတွေမှာ သုံးလို့တော့ အဆင်မပြေပါဘူး။ ဒါကို အဆင့်မြှင့်ဖို့ ကြိုးစားနေပါတယ်။ ဒီမှာ အဓိကပါဝင်တာက ကြက်ချေး၊ ဖွဲခွံ၊ ပဲမှုန့်ပဲခွံ၊ နွားချေး၊ စက်ဖွဲပြာ၊ သဘာဝအီးအမ်၊ ထရိုင်ကိုဒါးမား၊ တင်လဲရည်တွေကို မျှတအောင်ရောစပ်ပြီး ထုတ်လုပ်ထားပါတယ်။ ကုန်ကြမ်းတွေကျတော့ ကျွန်တော်တို့ ဒီဒေသက ထွက်တဲ့ ကြက်ချေးတွေဝယ်စုတယ်။ ဒီဒေသမှာက စပါးစိုက်ပြီးရင် ပဲစိုက်တဲ့တောင်သူတွေရှိတယ်။ သူတို့ဆီက ပဲခွံပဲမှော်တွေ ပြန်ဝယ်စုတယ်။ ကျွန်တော်တို့ဆီမှာ လက်ရှိတော့ ဒီသဘာဝမြေသြဇာ ထုတ်ကုန်တစ်မျိုးကိုပဲ ထုတ်ပြီး သထုံနယ်တစ်ကြောမှာရှိတဲ့ သထုံ၊ ဘီးလင်း၊ ပေါင်မြို့နယ်တို့က တောင်သူတွေဆီ တိုက်ရိုက်ရောင်းချပေးပါတယ်။

**မေး။** ။ လုပ်ငန်းလုပ်ကိုင်တဲ့အချိန်မှာ ကြုံတွေ့ရတဲ့အခက်အခဲတွေနဲ့ ဘယ်လိုကြိုးစားကျော်ဖြတ်ခဲ့ရတယ်ဆိုတာလည်း မျှဝေပေးပါဦး။

**ဖြေ။** ။ အခက်အခဲတွေကတော့ အများကြီးပါ။ ကျွန်တော်တို့ကလည်း Professional တွေလို Guide နဲ့ ဘာနဲ့လုပ်တာမဟုတ်ဘဲ ကိုယ်သိထားတဲ့နည်းတွေနဲ့ လေ့လာပြီးလုပ်တာဆိုတော့ စပြီးလုပ်တဲ့အချိန်မှာ ဆုံးရှုံးမှုတွေ အများကြီးရှိခဲ့တယ်။ မြေသြဇာကုန်ကြမ်း ဆုံးရှုံးတာတွေ၊ ထုတ်လုပ်တဲ့စက်ပစ္စည်းဆုံးရှုံးတာတွေ ရှိခဲ့တယ်။ မြေသြဇာဆုံးရှုံးတယ်ဆိုတာက သုံးမရတော့တာတော့ မဟုတ်ဘူး။ ဈေးကွက်ထဲ ဖြန့်လို့မရတာကြောင့် ဆုံးရှုံးတာ။ ဒါကို ထပ်ပြီးလေ့လာတယ်။ ပါဝင်တဲ့အချိုးအစားတွေကို အမျိုးမျိုးပြောင်းလဲပြီး စမ်းသပ်တဲ့အခါ အခုလို တစ်နှစ်လောက်ကြာတဲ့ ကာလမှာ ဈေးကွက်ထိုးဖောက်နိုင်တဲ့ထုတ်ကုန် ဖြစ်လာပါတယ်။

**မေး။** ။ စိုက်ပျိုးလယ်ယာမြေတွေမှာ သဘာဝမြေသြဇာအသုံးပြုတဲ့အတွက် ရရှိတဲ့အကျိုးတွေလည်း ရှင်းပြပေးပါဦး။

**ဖြေ။** ။ ကျွန်တော်တို့ဆီမှာ လယ်ယာမြေတွေက တဖြည်းဖြည်း ပျက်စီးမှုများလာတော့ သဘာဝမြေသြဇာကို အများကြီးထည့်ဖို့ လိုအပ်တယ်။ ပြည်ပနိုင်ငံတွေမှာဆိုရင် တစ်ဧကကို တန်နဲ့ချီပြီး ထည့်ကြတာတွေရှိတယ်။ ဒီမှာကတော့ တစ်ဧကကို နှစ်အိတ်ကနေ သုံးအိတ်လောက်အထိ သုံးပါတယ်။ ဒီသဘာဝမြေသြဇာထည့်တဲ့ အကျိုးကျေးဇူးက ရေရှည်မှာ ပျက်စီးနေတဲ့မြေဆီတွေ ပြန်ကောင်းလာမယ်၊ အသီးအနှံတွေ ဖွံ့ဖြိုးလာမယ်၊ မြေဆီတွေကလည်း လုပ်ကိုင်ရမခက်တော့ဘဲ လွယ်လွယ်ကူကူ စိုက်ပျိုးလို့ အဆင်ပြေသွားမယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ရဲ့ ထုတ်ကုန်ကို တောင်သူတွေက ကြိုက်နှစ်သက်ကြတယ်လို့ ပြန်ကြားရပါတယ်။ ဒါက သူတို့အတွက် နှစ်ဖက်အကျိုးဖြစ်တာပေါ့။ လယ်ယာမြေအတွက် သဘာဝမြေသြဇာရသလို စွန့်ပစ်ပစ္စည်းလိုဖြစ်နေတဲ့ လယ်ယာမြေကထွက်တဲ့ ပဲခွံပဲမှော်တွေ၊ နွားချေး၊ ကြက်ချေး၊ ဖွဲခွံတွေ။ အရင်ကဆို ဒါကို လယ်ယာမြေမှာ ပြန်အသုံးပြုရမှန်း မသိကြဘူး။ ကိုယ့်လယ်ကွက်ထဲမှာ အချို့က ပြန်ထည့်သုံးကြတာရှိပေမယ့် အများအားဖြင့် မသုံးကြဘူး။ အလေအလွင့်ဖြစ်တာပဲများတယ်။ ဒါကို ကျွန်တော်တို့က တောင်သူတွေဆီကနေပြန်ဝယ်တဲ့အတွက်လည်း ဝင်ငွေ အထိုက်အလျောက်ပြန်ရတယ်။ ဒီပဲခွံပဲမှော်တွေကို ကျွန်တော်တို့ဆီ မရောင်းဘူးဆိုရင်တောင်မှ သူတို့နည်း သူတို့ဟန်နဲ့ သဘာဝမြေသြဇာလုပ်နိုင်ဖို့ နည်းပညာမျှဝေပေးတယ်။ ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်းပြီး လုပ်ပေးပါတယ်။ ဝယ်ရခက်တဲ့ အီးအမ်တို့၊ တင်လဲရည်တို့လို သဘာဝကထုတ်ထားတဲ့ စိုက်ပျိုးရေးသုံးပစ္စည်းတွေကို ဒီမှာ အလွယ်တကူ ပြန်ပြီးရောင်းချပေးပါတယ်။ ကျွန်တော်တို့ လုပ်ထားတာကို ဝယ်ယူဖို့ မတတ်နိုင်ခဲ့ရင်တောင် နည်းပညာတွေ မျှပေးသလို ဒီမှာလည်း အမြဲတမ်းလာပြီး လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။

**မေး။** ။ ဒီဒေသမှာ အခုလို လုပ်ငန်းဆောင်ရွက်တဲ့အတွက်ကြောင့် ဒေသမှာရှိတဲ့ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေကိုလည်း သိပါရစေ။

**ဖြေ။** ။ ကျွန်တော်တို့ဆီမှာက အလုပ်အကိုင်တွေ ရှားပါးလာတယ်။ လုပ်ငန်းလုပ်ဖို့ စဉ်းစားတဲ့အခါမှာ ကိုယ့်ရွာက ဒေသခံတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းအတွက် စဉ်းစားပြီးတော့ ရွာမှာပဲ စက်ရုံလုပ်ဖြစ်တယ်။ ခုဆို ကျွန်တော့်ဆီမှာ ရွာက လူငယ်စုစုပေါင်း ၂၀ လောက်ကို အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ပြီး အလုပ်အကိုင်ပေးထားနိုင်သလို လုပ်ငန်းအနေအထားအရ လိုအပ်သလို နေ့စား ယာယီခေါ်သုံးရတာလည်းရှိတယ်။ ဒါ့အပြင် ပဲခွံပဲမှော်တွေ၊ နွားချေး၊ ကြက်ချေး၊ ဖွဲခွံတွေ လိုက်လံစုဆောင်းပြီးတော့ ကျွန်တော်တို့ဆီကို လာရောင်းရင်လည်း မိသားစုအပိုဝင်ငွေ ရှာနိုင်ကြပါတယ်။

**မေး။** ။ "ရွှေမြေဆီ" သဘာဝမြေသြဇာလုပ်ငန်းကို တရားဝင် မှတ်ပုံတင်ဆောင်ရွက်ခဲ့တဲ့အခြေအနေနဲ့ ဒီလို မှတ်ပုံတင်ဆောင်ရွက်ခြင်းကြောင့် ရရှိခံစားရတဲ့ အကျိုးကျေးဇူးတွေကိုလည်း မျှဝေပေးစေချင်ပါတယ်။

**ဖြေ။** ။ ကျွန်တော်တို့ ဒီလုပ်ငန်းကို လုပ်ရင်းနဲ့ပဲ တဖြည်းဖြည်း လုပ်ငန်းက အထိုက်အလျောက် တွင်ကျယ်လာတဲ့အခါမှာ မှတ်ပုံတင်လုပ်ဖို့ စဉ်းစားရပါတယ်။ ဒါကြောင့်ပဲ သထုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး တရားဝင်မှတ်ပုံတင်ခဲ့ပါတယ်။ ဒီလို မှတ်ပုံတင်လိုက်တော့ ကျွန်တော်တို့လုပ်ငန်းက တရားဝင်လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ပြီဖြစ်သလို လိုအပ်တဲ့ အကူအညီတွေလည်း အများကြီးရလာတယ်။ ဒီလုပ်ငန်းနဲ့သင့်တော်တဲ့ စက်ပစ္စည်းတွေ၊ စာမျက်နှာ ၁၇ သို့ ☆





# ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ
# နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲကျင်းပရန် ကြိုတင်ပြင်ဆင်



ဟိုပုံး နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းကြီးက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ တတိယအကြိမ်မြောက် နာဂပုရသာသနာလင်္ကာရသာမဏေကျော် စာမေးပွဲကျင်းပရန် ယနေ့နံနက် ၈ နာရီက ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟိုပုံးမြို့ တပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက နောင်တောင်းပရဟိတတပ်ဦးကျောင်းအတွင်း အမှိုက်များရှင်းလင်းခြင်း၊ မုခ်ဦးအဝင်အား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ယာဉ်ရပ်နားမည့်နေရာအား ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်းရှိ တောင်ပေါ်စေတီအတက်လမ်းတို့ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာမေးပွဲကျင်းပမည့်နေရာအား ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီတင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၃၂၇ ပါး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ကလောမြို့ သမိုင်းဝင်နီးဘုရားကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကလော နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ သမိုင်းဝင်နီးဘုရားကျောင်းပုရိဝုဏ်အတွင်း၌ ယနေ့နံနက် ၇ နာရီခွဲက ကလောတပ်နယ်ဦးစီး၍



ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကလောတပ်နယ်ဦးစီး၍ ကလောခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကလောတပ်နယ်အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာများ ပါဝင်သည့်အဖွဲ့သည် ကလောမြို့ သမိုင်းဝင်နီးဘုရားကျောင်းပုရိဝုဏ်အတွင်းရှိ ချုံနွယ်၊ မြက်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကလောတပ်နယ်မှူးစစ်ဦးစီး၊ တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

☆ စာမျက်နှာ ၁၆ မှ

နည်းပညာအကူအညီတွေကို ဌာနကလည်း ချိတ်ဆက်အကူအညီပေးသလို လုပ်ငန်းရှင်အချင်းချင်းတွေလည်း ချိတ်ဆက်မိပြီး အပြန်အလှန်ကူညီတာတွေရှိပါတယ်။

**မေး။ ။ "ရွှေမြေဆီ" သဘာဝမြေသြဇာလုပ်ငန်းဟာဆိုရင် လက်ရှိအချိန်မှာတော့ ထိုက်သင့်တဲ့ အောင်မြင်မှုနဲ့အတူ အကျိုးခံစားခွင့်တွေကိုလည်း ရရှိနေပြီလို့ သိရပါတယ်။ အလားတူ ဒီလိုမိသားစုတစ်နိုင်တစ်ပိုင်ကနေ အသေးစားလုပ်ငန်းရှင်ဖြစ်လိုသူတွေအတွက် ဘယ်လိုတိုက်တွန်းအားပေးစကားတွေ မျှဝေပေးချင်ပါသလဲ။**

ဖြေ။ ။ အဓိက က လုပ်ချင်စိတ်ရှိဖို့ပဲလိုတယ်။ လုပ်ချင်တယ်ဆိုရင် ပထမဆုံးက ကျွမ်းကျင်မှုရှိဖို့ သေသေချာချာလေ့လာစေချင်တယ်။ ဒီနေ့ခေတ်က လေ့လာစရာတွေ များပါတယ်။ ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် အရှုံးနဲ့အမြတ်ဆိုတာ ရှိပါတယ်။ အခက်အခဲတွေကိုကျော်နိုင်မှ အောင်မြင်မှုရမှာပါ။ ကျွန်တော့်တုန်းကဆိုရင် အတော်လေးဆုံးရှုံးခဲ့ရတယ်။ အားမလျှော့ဘဲ လေ့လာရင်း လုပ်ရင်းနဲ့ တစ်နှစ်အတွင်းမှာပဲ ခုလက်ရှိအတိုင်း အဆင်ပြေလာပါတယ်။ အမှန်တကယ် လုပ်လိုသူတွေကို အားပေးပါတယ်။ သဘာဝမြေသြဇာကို များများလုပ်နိုင်ပြီး တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်မှ နောင်ကာလတွေကျရင် ကျွန်တော်တို့လယ်ယာမြေတွေ ပိုကောင်းလာပြီး တောင်သူတွေ ပိုအဆင်ပြေလာမယ်။ ဒီလုပ်ငန်းလုပ်ချင်သူတွေကို လိုအပ်တဲ့အကူအညီတွေ ပေးနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ရဲ့ "ရွှေမြေဆီ"က ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

ရွှေမြေဆီ သဘာဝမြေသြဇာလုပ်ငန်းသည် လုပ်ငန်းစတင်ခဲ့သည့်ကာလမှ ယနေ့အချိန်အထိ တစ်နှစ်တာကာလခန့် ကြာမြင့်ခဲ့ပြီးဖြစ်သည်။ စတင်လုပ်ကိုင်ခဲ့ချိန်က အခက်အခဲ၊ စိန်ခေါ်မှုမျိုးစုံနှင့်အတူ ဆုံးရှုံးမှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့သော်လည်း မလျှော့သောဇွဲဖြင့် ရင်ဆိုင်ကျော်ဖြတ်ကာ လက်ရှိအချိန်၌ အထိုက်အလျောက်သော အောင်မြင်မှုဖြင့် ဈေးကွက်ထိုးဖောက်နိုင်ခဲ့ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

❐

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၂၈၆၀ |
| 95 Ron | ၂၂၅၀ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၉၉ |
| 95 Ron | ၂၁၄၂ | ၂၂၁၈ |
| HSD (500 ppm) | ၂၀၃၈ | ၂၁၀၈ |
| HSD (50 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (10 ppm) | ၂၁၄၁ | ၂၂၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၁၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၁၁-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၀-၁၁-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၁၁-၁၁-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။







### သန့်ရှင်းရေးဆောင်ရွက်

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နှင့် မက်မန်းမြို့တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့နယ်၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နှင့် တီးတိန်မြို့တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေတာရှည်မြို့နယ်၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံ ငါးဈေးကွက်ကျဆင်းမှုကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများ အခက်တွေ့

မြိတ် နိုဝင်ဘာ ၁၁

ထိုင်းနိုင်ငံ ငါးဈေးကွက်အတွင်း၌ ကင်းမွန်၊ ငါးနှင့်ပါကေးများ ဈေးနှုန်းကျဆင်းနေသည့်အတွက် တနင်္သာရီတိုင်းဒေသကြီးမှ ရေလုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲများ ကြုံတွေ့နေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိသောငါးများကို ထိုင်းနိုင်ငံရှိ ငါးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေရသည့် အတွက်ကြောင့် ထိုင်းငါးဈေးကွက်တွင် ဈေးနှိမ်ခြင်းများ ကြုံတွေ့နေသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းငါးဈေးကွက်မရှိသည့်အတွက် ထိုင်းမှပေးသည့်ဈေးအတိုင်း ရောင်းချနေရကြောင်း သိရသည်။



### ဈေးကျနေ

“၁၀ တန်အထက် ကားတစ်စီးကို Invoice အပါအဝင် ငွေလဲရာခိုင်နှုန်းနဲ့ အထွေထွေစရိတ်ပေါင်းရင် သိန်း ၆၀ လောက် ကုန်ကျနေတယ်။ ထိုင်းကလည်း ရေထွက်ကုန်တွေကို ဈေးနှုန်းချထားတဲ့အတွက် လုပ်ငန်းလုပ်ကိုင်ရတာ အဆင်မပြေတော့ဘူး။ လမ်းခရီးတစ်လျှောက်ကုန်ကျတာတွေ၊ အချိန်မီရောက်ဖို့ သွားရတာတွေရှိသေးတယ်။ မောတောင်နယ်စပ်ကနေ တင်ပို့မယ်ဆိုရင်လည်း အအေးခဲထားတဲ့ ကုန်တွေပဲရတယ်။ ရေခဲစိမ်ကုန်တွေကို တင်ပို့လို့မရသေးဘူး။ တချို့ကို ရေလမ်းခရီးကပဲ တင်ပို့ရတယ်။ ထိုင်းတစ်နိုင်ငံလုံးမှာ ရေထွက်ပစ္စည်းတွေ ဈေးကျနေတော့ ဒီနှစ်အတော်ရုန်းကန်ရဦးမယ်” ဟု မြိတ်မြို့မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်များကထက် ယခုနှစ် ငါးဖမ်းရာသီတွင် ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်းလုပ်ကိုင်နေသည့် ငါးဖမ်းလှေများတွင် ငါးအထိအမိနည်းနေသည့်အပြင် ဝယ်လက်များက ဈေးနှုန်းချထားသည့်အတွက် လုပ်ငန်းတွက်ခြေမကိုက်ဖြစ်နေကြောင်း သိရသည်။ မြိတ်ကျွန်းစုထွက် ရေသယံဇာတများကို အဓိကဝယ်ယူနေသည့် ထိုင်းနိုင်ငံတွင် ငါးဈေးကွက်ကျဆင်းနေသည့်အပြင် Invoice သတ်မှတ်မှုကြီးမြင့်မှုနှင့်လည်း ကြုံတွေ့နေရကြောင်း သိရသည်။

“ဒီနှစ်ကင်းမွန်ရာသီအစ (အောက်တိုဘာလ) မှာ ကင်းမွန်တစ်ဗန်းကို သုံးသိန်းခွဲလောက်နဲ့ ဈေးကွက်ဖွင့်လာပေမယ့် တစ်လအတွင်းမှာ တစ်ဗန်းကို ကျပ်နှစ်သိန်းအထိ ဈေးထိုးကျသွားတယ်။ တရုတ်ဝယ်လက်တွေလည်း လောလောဆယ်မလာသေးတော့ ထိုင်းကိုပဲအားကိုးပြီး ရောင်းချနေရတယ်။ ရေထွက်ပစ္စည်း တင်ပို့တဲ့သူတွေလည်း ထိုင်းမှာ ဈေးကျနေတဲ့အတွက် ကျွန်တော်တို့ဆီက ဝယ်ယူတဲ့အခါမှာ ဈေးချပြီး ပြန်ဝယ်ယူရတယ်။ လောင်စာဆီဈေးနှုန်း၊ လှေထွက်စရိတ်တွေပေါင်းလိုက်ရင်အခက်အခဲဖြစ်နေပါတယ်။ ကင်းမွန်လည်း ဒီနှစ်မှာ အထိအမိနည်းနေတယ်။ ပါကေးတွေလည်း ဈေးကျတယ်၊ တစ်ကီလိုကိုကျပ် ၉၀၀-၁၀၀၀ ကနေ အခု တစ်ကီလိုကို ကျပ် ၇၀၀ အထိ ဈေးထိုးကျလာနေတယ်”ဟု ကင်းမွန်လှေလုပ်ကိုင်သူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်စက်မှုဇုန်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က တည်ရှိခဲ့သည့် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးတွင် ငါးဈေးကွက်ကြီး ပြန်လည်အကောင်အထည်ဖော်ဆောင်နိုင်ပါက လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ငါးများကို ကြိုက်ဈေးခေါ်ယူရောင်းချနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စရိတ်စကသက်သာခြင်း၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည့်အပြင် တရားမဝင်ကုန်သွယ်မှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်အခများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးအောင်မြင်

မင်းဘူး နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ကျွန်တော်တို့ ယခုနှစ်အတွက် မိုးစပါးသီးနှံကို ၄၀၅၂၇ ဧက စိုက်ပျိုးထားရှိပြီး မနောသုခ ဧက ၁၄၀၅၀၊ ရွှေမင်း ၂၅၆၁၈ ဧက၊ ဆင်းသုခ ၈၁၃ ဧက၊ ရက် ၁၀၀ ခြောက်ဧက၊ ရတနာတိုးဧက ၂၀၊ GW-11 ဧက ၂၀ စုစုပေါင်း ၄၀၅၂၇ ဧက စိုက်ပျိုးထားရှိကာ စိုက်ခင်းအားလုံး ပိုးမွှားကင်းစင်၍ သီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်”ဟု မင်းဘူးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းမှ တောင်သူများ သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် မှန်ကန်စေရေး၊ နည်းစနစ်တကျစိုက်ပျိုးတတ်စေရေး၊ သဘာဝမြေဩဇာများ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများသုံးစွဲရာတွင် အချိုးညီညီသုံးစွဲတတ်စေရေး၊ သီးနှံများ ပိုးမွှားကင်းစင်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းမှ စိုက်ပျိုးရေးစင်တာများနှင့် ကျေးရွာများအရောက်ကွင်းဆင်း၍ ဟောပြောဆွေးနွေးပေးခဲ့ကြောင်းလည်း သိရသည်။

ဇေယျာထက်(မင်းဘူး)

# ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေး လူရွေးပွဲကျင်းပ

ဇေယျာသီရိ နိုဝင်ဘာ ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မြို့နယ်ပညာရေးမှူးရုံးက ဦးဆောင်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် အားကစားလေ့ကျင့်ခြင်းနှင့် လူရွေးချယ်ပြိုင်ပွဲများကို နိုဝင်ဘာ ၃ ရက်မှစတင်၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်းများတွင် ကျင်းပဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပြေးခုန်ပစ်နှင့် စားပွဲတင်တင်းနစ် ကစားနည်းများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၅၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းတို့မှ ကျောင်းအဆင့် လက်ရွေးစင်အားကစားထူးချွန်ကျောင်းသား ကျောင်းသူများအား အသင်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းကာ ပွဲစဉ်ဇယားများ ရေးဆွဲယှဉ်ပြိုင်ပြီး မြို့နယ်လက်ရွေးစင် အားကစားမောင်မယ်များအဖြစ် စိစစ်ရွေးချယ်နိုင်ရေး အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၃ ရက်မှ ၉ ရက်ထိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းတွင် ပြိုင်ပွဲများကျင်းပ၍ လူရွေးချယ်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၉-၁၀-၂၀၂၃ ရက်နေ့မှအဆက်)

အခါတစ်ပါး၌ ဘုရားရှင်သည် အရှင်သီဝလိ အပါအဝင် ရဟန်းငါးရာတို့ ခြံရံလျက် ရှားတော၌ တစ်ပါးတည်းနေသော ရေဝတသာမဏေထံသို့ ဝါကျွတ်ချိန်၌ ကြွတော်မူသည်။ ယူဇနာ ၃၀ ဝေးသည် ဖြစ်၍ တစ်နေ့ တစ်ယူဇနာကျ ရှားတောသို့ ကြွကြလေသည်။ ရောက်လေရာစခန်းတိုင်း၌ နတ်တို့က သူတို့ရှင်သီဝလိ လာပြီဆို၍ ပူဇော်ကန်တော့ကြသည်။ ကျောင်းများကိုလည်း ဖန်ဆင်းထားကာ နတ်သြဇာဘောဇဉ်များကိုလည်း လှူဒါန်းကြလေသည်။ ရှင်သီဝလိကလည်း ဘုရားနှင့်တကွသော ရဟန်းတို့ကို ပြန်လှူသည်။ အပြန်ခရီး၌ ဤနည်းတူ လှူဒါန်းကြလေသည်။ ထို့ကြောင့်ပင် နောင်သောအခါ၌ ဘုရားရှင်သည် ရှင်သီလဝိအား ရဟန်းတို့ ပစ္စည်းလေးပါး လာဘ်လာဘပေါများသော ငါဘုရား၏ ရဟန်းတပည့်တို့တွင် ရှင်သီဝလိသည် အမြတ်ဆုံး ဖြစ်သည်ဟု မိန့်တော်မူလေသည်။ ထို့နောက် သီဝလိအား လာဘီတေဒဂ်အရာ၌ ထားတော်မူလေသည်။

### ရှင်သီဝလိ၏ အတိတ်ဘဝအကြောင်း ရှင်းလင်းချက်

ရှင်သီဝလိသည် ရှေးအတိတ်ဘဝ၌ ဗာရာဏသီပြည့်ရှင်မင်း၏ သားတော်ဖြစ်ခဲ့ဖူးသည်။ ကောသလမင်းကြီးသည် ဗာရာဏသီပြည်ကို တိုက်ခိုက်၍ ဗာရာဏသီမင်းကိုသတ်ပြီး မိဖုရားကို မယားအဖြစ်သိမ်းပိုက်ရန်ကြံသည်။ မိဖုရားသည် ထွက်ပြေးတိမ်းရှောင်လေသည်။ သားတော် သီဝလိသည် စစ်သည်ဗိုလ်ပါ စုရုံးကာ တိုက်မည်ပြုရာ၌ မယ်တော်၏ အကြံပြုချက်ကြောင့် ၎င်းသည် စစ်မတိုက်ဘဲ တစ်မြို့လုံးကို အပြင်မှဝိုင်းရံပြီး ပိတ်ဆို့၍ အစာရေစာ ဖြတ်တောက်ထားလေသည်။ ခုနစ်ရက်ပြည့်သောအခါ ပြည်သူပြည်သားတို့သည် မခံမရပ်နိုင်ဘဲ ကောသလမင်းကိုသတ်၍ ၎င်းအား ထီးနန်းပေးအပ်လေသည်။

ဤသို့ မြို့ကို ခုနစ်ရက်ပတ်လုံး ပိတ်ဆို့ထား၍ ပြည်သူပြည်သားတို့ကို နှိပ်စက်ညှဉ်းဆဲမှု အတိတ်ကံကြောင့် ရှင်သီဝလိသည် အမိဝမ်းတွင်း၌ ခုနစ်နှစ်တိုင်တိုင် ဆင်းရဲခံရလေသည်။ လာဘ်လာဘပေါများရသောအကြောင်းမှာ ရှေးအတိတ် သီဝလိ လောင်းလျာသည် ပဒုမုတ္တရာဘုရားလက်ထက်၌ ဘုရားအမှူးဖြစ်သော ရဟန်းတို့အား အလှူကြီးပေးခဲ့ပြီး လာဘီတေဒဂ်ဘွဲ့ကို ဆုတောင်းခဲ့သည်။ ဤသို့လှူဒါန်းခြင်းမှာ ပထမအကြိမ်ဖြစ်ပါသည်။

ဒုတိယအကြိမ်အဖြစ် ဝိပဿီဘုရားလက်ထက်၌ အရှင်သီဝလိသည် ဆင်းရဲသားတစ်ဦး ဖြစ်ခဲ့ဖူးရာ တောမှ ရှာ၍ရလာသော ပျားရည်နှင့် နို့ခဲအိုးတို့ကို ပြည်သူလှူသော အလှူပွဲကြီး၌ ဝင်ရောက်၍ ဘုရားရှင်အား လှူဒါန်းလေသည်။ ယင်းသို့လှူရာတွင် လာဘီတေဒဂ်ဘွဲ့ထူးကို ဆုတောင်းခဲ့သည်။ ထိုသို့ပြုလုပ်လှူဒါန်းခဲ့သောကြောင့် ရှင်သီဝလိသည် ယခုဘဝ၌ လာဘ်လာဘပေါများ၍ လာဘီတေဒဂ်ဘွဲ့ကို ရရှိရခြင်းဖြစ်သည်။



### စာလိယတောင်၌ တေရသမ - ၁၃ ဝါ ကပ်ခြင်း အရှင်မေဃိယမထေရ်သည် ဘုရားစကားကို နားမထောင်ခြင်း

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က မဟာရာဟုလောဝါဒသုတ္တန် စသော တရားတော်များဖြင့် လူ နတ် ဗြဟ္မာတို့အား ချေချွတ်တော်မူခဲ့သည်။ ဘုရားရှင်သည် ယင်းကိစ္စများပြီးသောအခါ စာလိယမြို့သို့ ဒေသစာရီကြွတော်မူသည်။

ဘုရားရှင်သည် စာလိယတောင်ပေါ်၌ (ချရားတော) ကျောင်းတိုက်များတွင် တေရသမ တစ်ဆယ့်သုံးဝါမြောက် ဝါကပ်၍ သီတင်းသုံးတော်မူသည်။ ထိုအခါတွင် အရှင်မေဃိယမထေရ်သည် ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးသည်။ ခေတ္တအလုပ်အကျွေး (ဥပဋ္ဌာက) ဖြစ်သည်။

(ဘုရားရှင်သည် ဝါတော် ၂၀ အတွင်း၌ ၎င်းအား လုပ်ကျွေးပြုစုမည့် ဥပဋ္ဌာကဟူ၍ အမြဲမရှိပေ။ ရံခါ နာဂသမာလထေရ်၊ နာဂိတထေရ်၊ ဥပဝါနထေရ်၊ သုနက္ခတ္တရဟန်း၊ အရှင်သာရိပုတ္တရာ၏ညီ နန္ဒထေရ်၊ သာဂတထေရ်၊ မေဃိယထေရ် စသည်ဖြင့် အလှည့်ကျ ခေတ္တအလုပ်အကျွေးပြုစုကြသည်)

ယခုအချိန်၌ မေဃိယထေရ်အလှည့် ဘုရားရှင်အား လုပ်ကျွေးပြုစုနေသည်။ တစ်နေ့နံနက်၌ မေဃိယထေရ်သည် ဘုရားရှင်အား ပန်ကြား၍ "ဇန္တု"ရွာသို့ ဆွမ်းခံကြွလေသည်။ ၎င်းသည် ဆွမ်းကိစ္စပြီးသောအခါ "ကိမိကာဠာ" မည်သော ဆိပ်ကမ်းသို့ သွားသည်။ အညောင်းပြေ စင်္ကြံလျှောက်သည်။ ထိုအခါ စိမ်းလန်းစိုပြည် ကြည်နူးဖွယ်ကောင်းသော သရက်ဥယျာဉ်ကို မြင်တွေ့သည်။ ထိုဥယျာဉ်ကို တွေ့သောအခါ ၎င်းဥယျာဉ်ထဲ၌ တရားထိုင်လိုသော ဆန္ဒပေါ်လာသည်။ ၎င်းသည် ဘုရားထံသို့သွား၍ တပည့်တော်သည် ဤမည်သော သရက်ဥယျာဉ်ခြံ၌ တရားအားထုတ်လိုပါ၏ဟု ခွင့်ပန်လျှောက်ထားလေသည်။ ဘုရားရှင်သည် မေဃိယထေရ်သည် မရင့်ကျက်သေး၍ ကမ္မဋ္ဌာန်းထိုင်ရန် မသင့်သည်ကို မြင်တော်မူသည်။ ထို့ကြောင့် ယခုအခါ၌ ငါဘုရားတစ်ပါးတည်းရှိသေး၍ နောက်အခြားရဟန်းတစ်ပါးပါး မရောက်သေးသဖြင့် အသင်ချစ်သား မေဃိယထေရ် ဆိုင်းငံ့လော့ဟု တားမြစ်လေသည်။

၎င်းသည် ဘုရားရှင်ထံသို့ ဤသရက်တောဥယျာဉ်၌ တရားထိုင်ခွင့် အကြိမ်ကြိမ်လျှောက်ထားသည်။ ယင်းသို့ထပ်ကာထပ်ကာ တောင်းခံလာသောကြောင့် ဘုရားရှင်က ချစ်သား မေဃိယ တရားအားထုတ်မည့်သူကို ငါဘုရားမတားပါ။ သင့်အလိုရှိတိုင်းပြုလော့ဟူ၍ ခွင့်ပြုပေးတော်မူလေသည်။ ၎င်းလည်း နေရာမှထ၍ သရက်တောဥယျာဉ် ကျောက်ဖျာထက်တွင် တရားထိုင်လေသည်။ ၎င်းသည် ရှေးယခင် မင်းဖြစ်စဉ်က ဤနေရာ၌ ကချေသည်များခြံရံလျက် စံစားတော်မူခဲ့သည်။ သူသည် ထိုနေရာ၌ ထိုင်သောအခါ မိမိကိုယ်ကို ရဟန်းဟု မထင်မြင်တော့ဘဲ မင်းအဖြစ်ဖြင့် ရာဇပလ္လင်ပေါ်တွင် ထိုင်နေသည်ဟု အိပ်မက်ပမာ ဖြစ်နေလေသည်။ ထို့ကြောင့်လည်း သူ့စိတ်တွင် ကာမဝိတက် အကုသိုလ်တရားများ ပွားများလေသည်။ ထို့နောက် အိပ်မက်ပမာ သူ့ထံသို့ ရာဇဝတ်သားနှစ်ဦးကို ခေါ်လာသည်ဟု မြင်သည်။ သို့ဖြစ်၍ တစ်ဦးကို သတ်ဖြတ်၊ တစ်ဦးကို ထောင်ချစေဟူ၍ အမိန့်ပေးမိသည်ဟု ထင်ပြီး ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်များ တဖွားဖွား ဖြစ်ပေါ်ကုန်လေသည်။

ထိုအခါ သူသည် သူ့ကိုယ်သူ အံ့သြနေမိလျက် သဒ္ဓါတရား ထက်သန်စွာဖြင့် ရဟန်းဝတ်သည်၊ ယခု၌ ဤယုတ်မာသော အကုသိုလ်စိတ်များ ပေါ်ပေါက်နေသည်။ ယင်းနေရာကို ဘုရားရှင်က သိ၍ တားမြစ်သည်ဟု သူသိလာသည်။ သူသတိတရားရ၍ ဘုရားရှင်ထံသို့ ပြန်သွားလေသည်။ ရောက်သောအခါ သူတွေ့ကြုံခဲ့ရသော အကြောင်းအရာများကို ဘုရားရှင်ထံသို့ လျှောက်ထားလေသည်။

ဘုရားရှင်သည် ၎င်းထံမှ လျှောက်ထားချက်များကို သိသောအခါ အောက်ပါအတိုင်း တရားအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ဤငါးချက်တရားတို့၌ တည်ရှိရာဟု မိန့်ကြားလေသည်။

(၁) မိတ်ဆွေကောင်းကို ပေါင်းမိခြင်း၊
(၂) သီလနှင့် ပြည့်စုံခြင်း၊
(၃) ကထာဝတ္ထုဆယ်ပါး တရားစကားကို ကြားနာလေးစားမှုများခြင်း၊
(၄) လုံ့လဝီရိယရှိခြင်း၊

(၅) ဥယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း စသည်တို့ တည်ပြီးမှ ရာဂကိုပယ်နိုင်ရန် အသုဘဘာဝနာကို လည်းကောင်း၊ ဗျာပါဒကို ပယ်နိုင်ရန် မေတ္တာဘာဝနာကို လည်းကောင်း၊ ဝိတက်ကို ဖြတ်နိုင်ရန် အာနာပါနသတိကို လည်းကောင်း၊ "ငါ" ဟူသော မာနကိုပယ်နိုင်ရန် အနိစ္စသညာကို လည်းကောင်း ပွားများရာ၏။ အနိစ္စသညာ တင်လာသောသူအား အနတ္တသညာ ထင်လာသည်။ အနတ္တသညာ ထင်လာသောသူအား "ငါ" ဟူသော မာနကို ဖယ်ခွာနိုင်၍ ယခုဘဝ၌ နိဗ္ဗာန်ရောက်နိုင်ကြောင်းကို ဘုရားရှင်က ဟောကြားလေသည်။

ဘုရားရှင်သည် ချစ်သားမေဃိယအား ဆိုင်းငံ့ဦးလော့၊ တောင်းပန်သည်ကို ငါဘုရားကို တစ်ပါးတည်းထားခဲ့၍ သွားခဲ့သူသည် ဝန်လေးသောအမှုကို ပြုမိခြင်းဖြစ်သည်။ ရဟန်းတို့မည်သည် ဤသို့ စိတ်အလိုသို့ မလိုက်သင့်ချေ။ လျင်မြန်သွက်လက်ပေ့ါပါးသည်။ ဤသို့စိတ်ကို မိမိအလိုသို့ လိုက်စေသင့်သည် စသည်ဖြင့် များစွာသောတရားတို့ကို ဟောကြားသည်။ အရှင် မေဃိယလည်း သောတာပန်ဖြစ်သွားလေသည်။

### သာဝတ္ထိပြည်၌ စုဒ္ဒသမ - ၁၄ ဝါကပ်ခြင်း အရှင်ရာဟုလာအား ရဟန်းဝတ်၍ ရဟန္တာဖြစ်စေရန် ဘုရားရှင်က တရားဟောခြင်း

မေဃိယသုတ္တန် စသော တရားဒေသနာတို့ကို ချေချွတ်ထိုက်သူ သတ္တဝါတို့အား တရားများ ဟောကြားပြီးနောက် ဘုရားရှင်သည် ဝါကျွတ်သောအခါ သာဝတ္ထိပြည်သို့ စာလိယတောင်မှ ဒေသစာရီ ကြွချီတော်မူသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ စုဒ္ဒသမ တစ်ဆယ့်လေးဝါမြောက် ဝါကပ်တော်မူလေသည်။

ယင်းအချိန်၌ သားတော် ရာဟုလာသည် အသက် (၂၀) ပြည့်ပြီဖြစ်၍ ရဟန်းဝတ်လေသည်။ ရဟန်းဖြစ်စ ဝါအနည်းငယ်မျှသော အချိန်ဖြစ်ပါသည်။ ဘုရားရှင်တို့ အလေ့အထအတိုင်း တစ်နေ့သော မိုးသောက်ယံ၌ ဤသတ္တလောကကြီးတွင် ချေချွတ်ထိုက်သူကို ကြည့်သောအခါ ရာဟုလာသည် ဝိပဿနာဉာဏ်ရင့်သန်သူ ဖြစ်လေသည်။ သို့ဖြစ်၍ သူ့အား ချေချွတ်၍ အရဟတ္တဖိုလ်သို့ ရောက်အောင် ဆုံးမတော်မူပါက ကောင်းလေစွဟု ဘုရားရှင်က အကြံဖြစ်တော်မူသည်။


ဘုရားရှင်သည် ထိုနေ့ ဆွမ်းကိစ္စပြီးသောအခါ အရှင်ရာဟုလာအား နေရာထိုင်ခင်းများ ယူလာ၍ နေသန့်ရန် အန္ဓဝနမည်သော တောအုပ်သို့ သွားကြစို့ဟူ၍ မိန့်မှာလေသည်။ ရာဟုလာကလည်း ဘုရားရှင် မိန့်မှာသည့်အတိုင်း နေရာထိုင်ခင်းများ ယူ၍ ဘုရားရှင်နောက်မှ အစဉ်တစိုက် လိုက်လာလေသည်။ ယင်းတောသို့ ရောက်သောအခါ ဘုရားရှင်သည် ရာဟုလာ ခင်းပေးသောနေရာတွင် ထိုင်သည်။ ရာဟုလာကလည်း ဘုရားရှင်အား ရှိခိုး၍ ထိုင်တော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

> ❝ တရားအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ဤငါးချက်တရားတို့၌ တည်ရှိရာဟု မိန့်ကြားလေသည်။ (၁) မိတ်ဆွေကောင်းကို ပေါင်းမိခြင်း၊ (၂) သီလနှင့် ပြည့်စုံခြင်း၊ (၃) ကထာဝတ္ထုဆယ်ပါး တရားစကားကို ကြားနာလေးစားမှုများခြင်း၊ (၄) လုံ့လဝီရိယရှိခြင်း၊ (၅) ဥယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း စသည်တို့ တည်ပြီးမှ ရာဂကိုပယ်နိုင်ရန် အသုဘဘာဝနာကို လည်းကောင်း၊ ဗျာပါဒကို ပယ်နိုင်ရန် မေတ္တာဘာဝနာကို လည်းကောင်း၊ ဝိတက်ကို ဖြတ်နိုင်ရန် အာနာပါနသတိကို လည်းကောင်း၊ "ငါ" ဟူသော မာနကိုပယ်နိုင်ရန် အနိစ္စသညာကို လည်းကောင်း ပွားများရာ၏။ အနိစ္စသညာ တင်လာသောသူအား အနတ္တသညာ ထင်လာသည်။ အနတ္တသညာ ထင်လာသောသူအား "ငါ" ဟူသော မာနကို ဖယ်ခွာနိုင်၍ ယခုဘဝ၌ နိဗ္ဗာန်ရောက်နိုင်ကြောင်းကို ဘုရားရှင်က ဟောကြား ❞

ဝတ္ထုတို

## အမှောင်ခွင်းသော အလင်းသစ်




ငြိမ်းချမ်းအောင်(နတ်တလင်း)

**အခန်း(၁)**

"မင်းတို့ကိစ္စကလည်းမသေးပါလား ထူးအောင်ရာ၊ ဘာပဲလုပ်လုပ် သေချာစဉ်းစားပြီးမှလုပ်၊ မင်းတို့ မောင်နှမနှစ်ယောက်ကြားထဲမှာ ငါဘာမှဝင်ပြောလို့ မကောင်းဘူးကွ"

ဦးလေးထွန်းလှိုင်၏ စကားကို နားထောင်၍ ကိုထူးအောင်တစ်ယောက် သက်ပြင်းတစ်ချက်ချကာ ငိုင်သွားလေသည်။ ဦးလေးထွန်းလှိုင်ပြောသလို ယခုဖြစ်နေသောကိစ္စက ဘယ်သူမျှ ကြားကဝင်ပြောလို့မရပေ။ အခြားကိစ္စများဆိုလျှင် အကြောင်းမဟုတ်သော်လည်း ကိုထူးအောင်တို့မောင်နှမနှစ်ယောက်၏ အမွေကိစ္စဖြစ်နေ၍ အခြားလူများက ကြားကနေဝင်ပြောပေးလို့လည်းမဖြစ်။ တော်ကြာနေ ဟိုဘက်လိုက်တယ် သည်ဘက်လိုက်တယ်ဟု အပြောခံရမည်ကိုလည်း စိတ်ပူရသေး၏။ ထို့ကြောင့် ဦးလေးထွန်းလှိုင် ကူပြောမပေးသည်ကို ကိုထူးအောင်အပြစ်မမြင်ခဲ့ပေ။ အခြားဆွေမျိုးသားချင်းများဆီသွား၍ သည်ကိစ္စကို ဖွင့်ပြောကာ အကူအညီတောင်းသော်လည်း အားလုံးက ကိုထူးအောင်စကားကို လက်မခံခဲ့။ မောင်နှမတွေ ရန်မဖြစ်ဘဲနေကြဖို့သာ ဝိုင်းပြောကြ၏။ ကြာတော့ ကိုထူးအောင်ဘယ်ဆွေမျိုးဆီမှ အကူအညီမတောင်းတော့ဘဲ နောက်ဆုံးမပြေလည်တော့လျှင် ရပိုင်ခွင့်ကို သက်ဆိုင်ရာက တောင်းယူမည်ဟုသာ တွေးထားသည်။ သည်လို ကိုထူးအောင်၏ တစ်ဇွတ်ထိုးနိုင်သောအကျင့်ကို ဦးလေးထွန်းလှိုင်က သိနေသောကြောင့် သေချာရှင်းပြ၍ ဆုံးမသည်။ ဦးလေးထွန်းလှိုင်ပြောသမျှကို ကိုထူးအောင် မကြားတစ်ချက် ကြားတစ်ချက်ဖြင့် နားထောင်ရင်း စိတ်ထဲအပူလောင်သလိုခံစားနေရ၏။ ဦးလေးထွန်းလှိုင်က ကောင်းဖို့အတွက်ရည်ရွယ်ပြီး ပြောနေသော်လည်း ကိုထူးအောင် သဘောမတွေ့။ ထို့ကြောင့် မကျေနပ်သော စိတ်ကိုအသာမြိုသိပ်ရင်း အဝေးဆီသို့ ငေးကြည့်နေခဲ့သည်။

**အခန်း(၂)**

မိဘနှစ်ပါးကွယ်လွန်သွားချိန်တွင် ထူးအောင်တို့ မောင်နှမနှစ်ယောက်အတွက် အိမ်ခြံမြေနှင့် လယ်ယာများ ကျန်နေခဲ့၏။ ထိုကျန်နေခဲ့သောပစ္စည်းများကို အစ်မဖြစ်သူ မမြကြည်က ဦးဆောင်၍ ထိန်းသိမ်းစောင့်ရှောက်လာသည်မှာ ကြာပြီဖြစ်၏။ အစ်မဖြစ်သူ မမြကြည်က အပျိုကြီးတစ်ယောက်မို့ မိဘအမွေများ တည်တံ့အောင်ထိန်းသိမ်းထားချင်ရုံကလွဲ၍ အပိုင်စီးလိုချင်သော တစ်ကိုယ်ကောင်းစိတ်မရှိပေ။ ထို့ကြောင့် မောင်လေးဖြစ်သူထူးအောင် အိမ်ထောင်ကျချိန်တွင် အိမ်တစ်လုံး၊ ခြံတစ်ကွက်နှင့် လယ်ယာအချို့ကို မင်္ဂလာလက်ဖွဲ့အဖြစ် ထည့်ပေးခဲ့သည်။ အစပိုင်းတွင် မောင်နှမချင်းအဆင်ပြေနေခဲ့သော်လည်း သူစိမ်းဝင်လာတော့ အနည်းငယ်စကားပြောစရာများ ဖြစ်လာခဲ့သည်။ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အစ်မကြီး အမိအရာဆိုသော စကားအတိုင်း မမြကြည်သည် မောင်လေးဖြစ်သူထူးအောင်ကို အခေါ်အပြောမပျက်ပါ။ တစ်ယောက်တစ်အိမ်စီ နေကြသော်လည်း ဟင်းကောင်းလေးများချက်သည့်နေ့ဆိုလျှင် မမြကြည်က မောင်လေးဖြစ်သူစားဖို့ သတိတရဖြင့် အမြဲပို့ပေးလေသည်။ ယခုလည်း ဟင်းချက်နေရင်း လတ်တလောဖြစ်နေသော မိသားစုပြဿနာကို တွေးရင်း မျက်ရည်ကျလာသည်အထိ ခံစားရသည်။ အခြားသူများရှေ့ပြောရမည်ဆိုလျှင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာကျဦးမည်။ ထို့ကြောင့် အခြားဘယ်သူကိုမှ မမြကြည်မပြောဖြစ်။ တစ်နေ့ နားလည်မှုတွေဖြင့် အဆင်ပြေသွားမှာပါဟု တွေးရင်းစိတ်ဖြေနေရ၏။ သည်ကိစ္စတွင် ယောက်မတော်သူ မခင်လှ၏သွေးထိုးစကားများကြောင့်သာ ဖြစ်လာခဲ့သည်ကို မမြကြည်သိပါ၏။ ငယ်ရွယ်သူများမို့ တစ်ကြိမ်တစ်ခါတော့ အမှားရှိမှာပဲဟု မမြကြည်တွေးရင်း မောင်လေးဖြစ်သူ ကိုထူးအောင်တို့မိသားစုအပေါ် မေတ္တာမပျက်ခဲ့ပေ။

**အခန်း(၃)**

"အဖေ သားစာကြည့်တိုက်ကို စာသွားဖတ်မလို့ "

"စာကြည့်တိုက်သွားတာများ အဖေ့ဆီ ခွင့်တောင်းဖို့မလိုပါဘူး သားရယ်၊ သွား သွား ပြန်လာရင် အိမ်မှာဖတ်ဖို့စာအုပ်ပါငှားခဲ့အုံး"

လွယ်အိတ်ကလေးလွယ်ရင်း စာကြည့်တိုက်ကိုသွားဖို့ပြင်နေသော သားဖြစ်သူ ဖိုးလုံးကိုကြည့်၍ ကိုထူးအောင် ဝမ်းသာပီတိဖြစ်နေခဲ့၏။ ကိုထူးအောင်တို့ကလေးအရွယ်တုန်းကဆို ရွာတွင်စာကြည့်တိုက်ဆိုတာမရှိခဲ့။ ကျောင်းစာသင်ရဖို့ကိုပင် ရွာနှင့်သုံးမိုင်ခန့်ဝေးသော မြို့ကိုသွား၍ ပညာသင်ရလေသည်။ ထို့ကြောင့် ရွာတွင် စာဖတ်တတ်သူ အနည်းငယ်ကလွဲ၍ ပညာတတ်နိုင်ငံ့ဝန်ထမ်းဟူ၍ တစ်ယောက်တလေမျှမရှိခဲ့ပေ။ မိရိုးဖလာအတိုင်းသေစာရှင်စာဖတ်တတ်လျှင်ရပြီဆိုသည့် စကားလို စာဖတ်တတ်ရုံဖြင့်ကျောင်းပြီးသွား၍ ရွာတွင် ကြုံရာကျရာလုပ်ဖို့ ကျောင်းထွက်ခဲ့ရသူတွေကများလှ၏။ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်အရ ကိုထူးအောင်တို့ ရွာကလေးသည် ယခင်ကလိုမဟုတ်တော့ပေ။ ရွာတွင် အလယ်တန်းအဆင့် စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့က ဂုဏ်ယူဖွယ်ရာ ခံ့ထည်နေရာယူနေကြပြီဖြစ်၏။ ယခင်ကဆို လေးခွတစ်လက်ဖြင့် ရွာရိုးလျှောက်ပြီး ငှက်ပစ်နေကြသော ကလေးငယ်များက စာသင်ကျောင်းရောက်ကုန်ကြပြီဖြစ်၏။ ကျောင်းပိတ်ရက်များဆိုလျှင်လည်း ဘယ်မျှထွက် မလည်ကြတော့ဘဲ စာကြည့်တိုက်တွင် စာဖတ်၍နေကြသောကြောင့် မိဘများကလည်း သားသမီးများအတွက် ဝမ်းသာဂုဏ်ယူနေသည်။ ယခုလည်း စာကြည့်တိုက်ကိုသွားသော သားဖြစ်သူဖိုးလုံးကို ကြည့်၍ ကိုထူးအောင်ပီတိဖြစ်နေသည်။ ထို့ကြောင့် ကိုထူးအောင်သည် သားဖြစ်သူ ဖိုးလုံးစာဖတ်အားကောင်းဖို့အတွက်တော့ အမြဲအားပေးခဲ့၏။ စာဖတ်ခြင်းကသာ အသိပညာပေး၍ အမှောင်ခွင်းသော အလင်းသစ်ဟု ကိုထူးအောင်လက်ခံယုံကြည်ထား၏။

> **"အမိပွှာယ်ပြည့်ဝစွာပါရှိသော ကဗျာလေးကို နားထောင်ရင်း ကိုထူးအောင် မျက်ရည်လည်လာခဲ့၏။ အမွေဆိုသော ပစ္စည်းများကို ရယူလိုမှုကြောင့် အစ်မဖြစ်သူအပေါ် ဆိုးမိုက်ခဲ့မိပုံများကို တွေးရင်း ကိုထူးအောင် စိတ်မကောင်းဖြစ်လာသည်။ ထို့ကြောင့် မိမိအမှားများကို အစ်မဖြစ်သူခွင့်လွှတ်ဖို့တောင်းပန်ရမည်ဟုတွေးရင်း စီးကျလာသော မျက်ရည်စက်များကို ကိုထူးအောင်မသုတ်တော့ပေ"**

"ဖိုးလုံး ဘယ်သွားတာလဲ အစ်ကိုထူးအောင်" ဟု ဇနီးဖြစ်သူမခင်လှက မေးလိုက်သည်။ ထိုအခါ ကိုထူးအောင်က

"စာကြည့်တိုက်ကိုသွားတယ် ခင်လှရဲ့၊ ဘာပြောမလို့လဲ"

"ဘာမှပြောစရာမရှိပါဘူး၊ အိမ်မှာမတွေ့လို့မေးကြည့်တာ" ဟု မခင်လှပြန်ဖြေရင်း လုပ်စရာရှိသော အလုပ်များကို ဆက်လုပ်နေခဲ့သည်။ ကျောင်းပိတ်ရက်လေးမို့ အိမ်တွင်ရှိနေသော အလုပ်လေးများ သားဖြစ်သူ ဖိုးလုံးကိုကူလုပ်ခိုင်းချင်ပေမယ့် စာကြည့်တိုက်သွားတယ်ဟု ကိုထူးအောင်က ပြောနေသောကြောင့် မခင်လှတစ်ယောက် ဘာမျှပြန်ပြောစရာစကားမရှိတော့ပေ။ ထို့ကြောင့် စိတ်ထဲမကျေနပ်ပေမယ့် အသာငြိမ်နေလိုက်ရလေသည်။

**အခန်း(၄)**

"ဒေါ်လေးမြကြည်က အဖေစားဖို့ ဟင်းတွေထည့်ပေးလိုက်တယ်"

ဖိုးလုံးက လက်ထဲကချိုင့်လေးကို အဖေဖြစ်သူ ကိုထူးအောင်ဆီ လှမ်းပေးရင်း ပြောလိုက်၏။ အမွေကိစ္စများအတွက်ကြောင့် မောင်နှမချင်းစကားများထား၍ အစ်မဖြစ်သူမမြကြည်ဆီကို ကိုထူးအောင် မသွားဖြစ်ခဲ့တာကြာပါပြီ။ သွားချင်စိတ်လေးရှိပေမယ့် မိမိကအမှားလုပ်ထားသောကြောင့် အစ်မဖြစ်သူနှင့် ရင်ဆိုင်တွေ့ရမှာကိုပင် မဝံ့မရဲဖြစ်နေသည်။ သားဖြစ်သူဖိုးလုံးလက်ထဲက ဟင်းချိုင့်လေးကို လှမ်းယူရင်း ကိုထူးအောင်က

"သားဒေါ်လေးက အဖေ့အကြောင်း ဘာများပြောသေးလဲ" ဟု မေးလိုက်သည်။

"ဒေါ်လေးက အဖေ့အကြောင်းတွေ ဘာမှမပြောပါဘူး၊ သားကို စာကြိုးစားဖို့ပဲပြောတာ၊ ကျောင်းပိတ်ရက်ဆို သားက စာကြည့်တိုက်မှာစာသွားဖတ်တယ်ပြောတော့ ဒေါ်လေးက ဝမ်းသာနေတာဗျ၊ သားဖတ်နေတဲ့ စာအုပ်ထဲက ကဗျာလေးကို ကြိုက်တယ်ဆိုလို့ စာအုပ်ထဲကနေ ကူးရေးပေးခဲ့ရသေးတယ်၊ နောက်ပြီးတော့ သားကြီးလာရင် ဒေါ်လေးက ခုသူနေတဲ့အိမ်နဲ့ခြံကို ပေးမယ်လို့ ပြောသေးတယ် အဖေရ"

သားဖြစ်သူဖိုးလုံး ပြောနေသော စကားသံများကို နားထောင်ရင်း ကိုထူးအောင်အံ့သြနေသည်။ အစ်မဖြစ်သူဆီက သူ့အတွက်အပြစ်တင်စကားတွေများပြောနေမလားဆိုပြီး စိတ်ထင့်နေပေမယ့် ထင်သလိုဖြစ်မလာခဲ့ပေ။ အစ်မဖြစ်သူမမြကြည်ပေးလိုက်သော ဟင်းချိုင့်လေးကိုကြည့်ရင်း ကိုထူးအောင်စိတ်ထဲ အပြစ်ရှိသလိုခံစားနေရ၏။ ထို့ကြောင့် စိတ်ထဲတွင်ဖြစ်ပေါ်နေသော ဝေဒနာအချို့ကိုပြေပျောက်စေဖို့အတွက် သားဖြစ်သူဖိုးလုံး စာကြည့်တိုက်ကနေငှားလာခဲ့သော မဂ္ဂဇင်းစာအုပ်လေးကိုယူဖတ်နေသည်။ စာမျက်နှာများကို ဟိုလှန်သည်လှန်ဖတ်နေရင်း အမှတ်မထင်ကဗျာလေးတစ်ပုဒ်ဖတ်မိ၍ စာအုပ်ကိုအမြန်ပြန်ပိတ်ရင်း သားဖြစ်သူဖိုးလုံးကို အမြန်လှမ်းခေါ်၍ မေးလိုက်သည်။

"သားရေ၊ ခုနက ဒေါ်လေးကို သားကူးရေးပေးခဲ့တဲ့ကဗျာလေးပြပါအုံး၊ အဖေကြည့်ချင်လို့" ဟု ကိုထူးအောင်က ပြောလိုက်သည်။ ထိုအခါ ဖိုးလုံးက

"ဒီမှာလေ အဖေရဲ့၊ သား စာမျက်နှာတောင်ခေါက်ထားသေးတယ်၊ ဒေါ်လေးက အပေါ်စာကြောင်းပဲ ရေးခိုင်းတာ သားဆိုပြမယ်နော်"

မောင်နှမချစ်၊ စစ်မစစ်ကို
ခွဲရစ်အမွေ၊ ရောက်ချိန်ပေမှ
သေသေချာချာ သိရမည်။

အသံနေအသံထားဖြင့် ကဗျာစာပိုဒ်လေးကို ဖိုးလုံးက သေချာရွတ်ဆိုပြလိုက်သည်။ အဓိပ္ပာယ်ပြည့်ဝစွာပါရှိသော ကဗျာလေးကိုနားထောင်ရင်း ကိုထူးအောင် မျက်ရည်လည်လာခဲ့၏။ အမွေဆိုသော ပစ္စည်းများကိုရယူလိုမှုကြောင့်အစ်မဖြစ်သူ အပေါ် ဆိုးမိုက်ခဲ့မိပုံများကိုတွေးရင်း ကိုထူးအောင် စိတ်မကောင်းဖြစ်လာသည်။ ထို့ကြောင့် မိမိအမှားများကို အစ်မဖြစ်သူ ခွင့်လွှတ်ဖို့တောင်းပန်ရမည်ဟု တွေးရင်း စီးကျလာသော မျက်ရည်စက်များကို ကိုထူးအောင်မသုတ်တော့ပေ။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## တောရွာမလေ့ ပျော်မွေ့စရာ

နံနက်ခင်း ရောင်နီဖြာ
တောင်ဆီမှာ သာပေစွ။
ကျေးငှက်တွေ တွန်သံကျူး
ပျော်မြူးနေကြ။
တို့တောရွာ သဘာဝ
စာသလို့ မကုန်ပါ
ရှုမြင်ရမှာ။
စိမ်းလဲ့လဲ့ တောင်တန်းပြာ
လိုက်ဖက်စွာ တည်ရှိထား။
လယ်တစ်ခွင် ရွှေအဆင်းနှင့်
ဝင်းမှည့်စပါး။
တောရွာနေ လူအများ
ရိုးသားလို့ ဂုဏ်မငယ်။
အပြောဆို ပွင့်လင်းကြ
စိတ်ရင်းလှတယ်။
ဟန်ဆောင်မှု မရှိကွယ်
ခင်ဖို့ရယ် ကောင်းနေသေး။
ညှော်သည်ကို ဆီးကြိုလျက်
ချက်ပြုတ်လို့ကျွေး။ ။

မောင်လူစိုး

## တို့တောရွာ ကထိန်ပွဲ

တစ်နှစ်မှ တစ်ကြိမ်သာ
ပျော်ရွှင်စွာ အတူဆင်နွှဲ။
စီဝရံ ဥတ်သက်န်းကို
လှူဒါန်းသည့်ပွဲ။
အိုးစည်သံ ညံမဆဲ
ဒိုးပတ်တွဲ မြိုင်လို့ပင်
ကျင်းပနှစ်စဉ်။
ရွှေရိုးနှင့် ဒေါ်မိုးအသွင်
ပီပြင်စွာ ကကွက်ဆန်း။
ကြည့်ရှုသူ စိတ်နှလုံးကို
ပီတိဖုံးလွှမ်း။
ပြည်နိဗ္ဗာန် အရောက်ကူးဖို့
အခွင့်ထူးနှင့် ကြုံခဲ့တာ။
ကထိန်ကို အကြောင်းပြု
ပေါင်းစုလှူမှာ။
မြတ်ဗုဒ္ဓ သာသနာ
ရောင်ဝါတွေ ထွန်းပရေး။
သံဃာ့ဂုဏ် ရည်မှန်းလို့
လှူဒါန်းစို့လေး။ ။

ခင်နွဲ့မူ (ပုလဲ)

ဆောင်းပါး

# နေ့စဉ်ဘဝမှာ ပျော်ရွှင်ပါ

■ **သီရိမေ(မန်းတက္ကသိုလ်)**

လူတွေအများစုထင်ထားတာက ဘဝမှာ အောင်မြင်ရင်၊ ချမ်းသာရင် ပျော်ရွှင်ရမယ်လို့ ထင်မြင်ကြတယ်။ ဒါကြောင့် အောင်မြင်ဖို့၊ ချမ်းသာဖို့ ကြိုးစားအားထုတ်ကြတယ်။ ဒါပေမဲ့ အောင်မြင်မှု၊ ချမ်းသာမှုနောက်ကိုပဲ လိုက်ရင်း နေ့စဉ်ဘဝမှာ ပျော်ရွှင်မှုတွေ ဘယ်လောက်တောင် စွန့်လွှတ်ခဲ့ရပြီလဲဆိုတာ ပြန်စဉ်းစားဖို့လိုတယ်။ ကျွန်မတို့ဘဝမှာ ဖြစ်ပြီးသားကိစ္စတွေအတိုင်း ကြုံခဲ့ရတဲ့ဖြစ်ရပ်တွေ အခြေအနေတွေအတိုင်း ပြန်ဖြစ်ပျက်ကြုံတွေ့ဖို့ဆိုတာ ဖြစ်နိုင်ခဲတဲ့ကိစ္စတွေ ဖြစ်တယ်။ ကျွန်မတို့ရဲ့ဘဝတွေမှာ အတိတ်တွေကို ပြန်ဖန်တီးဖို့ဆိုတာ ဘဝက အချိန်တွေ အများကြီးပေးမထားဘူး။ ဒါ့ကြောင့် အောင်မြင်မှု၊ ချမ်းသာမှုနောက် လိုက်နေတယ်ဆိုတောင် နေ့စဉ်ဘဝကို ထည့်သွင်းစဉ်းစားဖို့လိုမယ်။

ကျွန်မကြည့်ဖူးတဲ့ ဇာတ်ကားထဲမှာ အောင်မြင်နေတဲ့ အသက် ၅၀ ကျော်လူကြီး တစ်ယောက်က

> **ကျွန်မတို့ဟာ အဓိကပျော်ရွှင်သာယာတဲ့ဘဝ၊ အခက်အခဲတွေကို အလွယ်တကူဖြေရှင်းကျော်လွှားနိုင်တဲ့ဘဝကိုရဖို့ အောင်မြင်တဲ့၊ ချမ်းသာတဲ့ဘဝကို ဖြစ်ချင်ကြတာလို့ ယေဘုယျပြောလို့ရမယ်ထင်တယ်။ ကျွန်မတို့ဘဝမှာ အမှန်တကယ်ရချင်တဲ့ သာယာပျော်ရွှင်မှုကို မေ့ပျောက်မသွားဖို့ကို သတိပေးချင်တာဖြစ်တယ်။ ကျွန်မတို့ဟာ လူဖြစ်ခိုက်ဘဝကို အဓိပ္ပာယ်ရှိရှိ လူသားဆန်ဆန် ဖြတ်သန်းနိုင်ဖို့က နေ့စဉ်ဘဝတွေက အရေးကြီးတယ်လို့ ဆိုနိုင်မယ်ထင်တယ်**

“သူ့ဘဝမှာ ယခုလိုအောင်မြင်ဖို့ ငယ်ရွယ်စဉ် တစ်လျှောက်လုံး ကြိုးစားခဲ့တယ်။ အဲဒီလိုကြိုးစားနေစဉ်အတွင်းမှာ မိဘတွေ နေမကောင်းဖြစ်ခဲ့ရင်တောင် သူ့မှာဂရုစိုက်မပေးနိုင်ခဲ့ဘူး။ သူ့ကို အမှန်တကယ်ချစ်တဲ့ချစ်သူ၊ သူငယ်ချင်းတွေကိုလည်း အချိန်မပေးနိုင်ခဲ့ဘူး။ အောင်မြင်မှုအတွက် ကြိုးစားနေတော့ အားလုံးကိုလျစ်လျူရှုသလို ဖြစ်ခဲ့တယ်။ သူအောင်မြင်လာတော့ အကောင်းဆုံး ပြန်ပေးဆပ်မယ်။ ယခုတော့ အောင်မြင်မှုနောက်ပဲ လိုက်မယ်ဆိုပြီး အားလုံးထက် အောင်မြင်မှုကို ရွေးချယ်ခဲ့တယ်။ ယခု သူအောင်မြင်လာတော့ သူ့မိဘတွေကလည်း မရှိတော့သလို သူ့အပေါ် အမှန်တကယ် စိတ်ရင်းနဲ့ ချစ်ခင်တဲ့သူတွေကလည်း သူ့အနားမှာ မရှိတော့ဘူး။ ဒါကြောင့် သူလိုက်ခဲ့တဲ့ အောင်မြင်မှုအတွက် သူ့ဘဝမှာ ပေးဆပ်ခဲ့ရတာနဲ့ တန်ရဲ့လားပေါ့ဆိုပြီး သူစဉ်းစားမိတယ်ဆိုတဲ့ အကြောင်း” ပြောထားတယ်။

ကျွန်မတို့တွေဟာ လူသားတွေ ဖြစ်တဲ့အတွက် အောင်မြင်တဲ့ဘဝ၊ ချမ်းသာတဲ့ဘဝကို ပိုင်ဆိုင်ချင်တာ ဖြစ်သင့်တဲ့ကိစ္စဖြစ်တယ်။ တစ်ချက်စဉ်းစားရမှာက ဒီလိုဘဝကို ဘာကြောင့် ပိုင်ဆိုင်ချင်တာလဲ။ အမှန်ကတော့ ကျွန်မတို့ဟာ အဓိက ပျော်ရွှင်သာယာတဲ့ဘဝ၊ အခက်အခဲတွေကို အလွယ်တကူ ဖြေရှင်းကျော်လွှားနိုင်တဲ့ဘဝကိုရဖို့ အောင်မြင်တဲ့၊ ချမ်းသာတဲ့ဘဝကို ဖြစ်ချင်ကြတာလို့ ယေဘုယျပြောလို့ရမယ်ထင်တယ်။ ကျွန်မတို့ဘဝမှာ အမှန်တကယ် ရချင်တဲ့ သာယာပျော်ရွှင်မှုကို မေ့ပျောက်မသွားဖို့ကို သတိပေးချင်တာဖြစ်တယ်။ ကျွန်မတို့ဟာ လူဖြစ်ခိုက်ဘဝကို အဓိပ္ပာယ်ရှိရှိ လူသားဆန်ဆန် ဖြတ်သန်းနိုင်ဖို့က နေ့စဉ်ဘဝတွေက အရေးကြီးတယ်လို့ ဆိုနိုင်မယ်ထင်တယ်။

လူအများစု ထင်မြင်ယူဆသတ်မှတ်သလိုပဲ အောင်မြင်တဲ့လူတစ်ယောက်၊ ချမ်းသာတဲ့လူတစ်ယောက်ဟာ အများကောင်းကျိုး ကိုယ့်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်တယ်။ လောကကောင်းကျိုးတွေကို အများကြီး သယ်ပိုးဆောင်ရွက်နိုင်တယ်။ ဒါကြောင့် ချမ်းသာဖို့၊ အောင်မြင်ဖို့ ကြိုးစားတာဟာ မှန်ကန်တဲ့လုပ်ရပ်ဖြစ်တယ်။ ဒီမှာ တစ်ချက်ထည့်စဉ်းစားရမှာက အောင်မြင်သူတိုင်း ချမ်းသာသူတိုင်းဘဝကို ကျေနပ်ပျော်ရွှင်ကြလားဆိုတာပါ။ လူ့ဘဝဆိုတာ အမှန်က မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားက အချိန်ကာလ အကန့်အသတ်လေးတစ်ခုပဲ။ အဲဒီလိုကာလလေးအတွင်းမှာ လူဖြစ်ရတာ ထိုက်တန်တဲ့ လူတစ်ယောက်ဖြစ်ဖို့၊ လူ့ဘဝကို ကျေနပ်ပြီး ကိုယ့်ရဲ့ဘဝကို ကျေနပ်နေဖို့က အရေးကြီးတဲ့ အချက်လို့ ထင်မြင်မိပါတယ်။

ဒါကြောင့် ကျွန်မတို့တွေဟာ အောင်မြင်မှုကို ရှာဖွေရင်း နေ့စဉ်ဘဝမှာလည်း စိတ်ချမ်းသာဖို့ ကျေနပ်နေဖို့ကိုလည်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမှာ ဖြစ်တယ်။ အောက်စဖို့ဒ်ဆရာတော်ကြီးဟောတဲ့ ပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဆရာတော်ပြောတဲ့ပုံပြင်ထဲမှာ “လူငယ်လေးတစ်ယောက်ဟာ အလွန်လှပတဲ့ ရဲတိုက်ကြီးတစ်ခုမှာ ရောက်သွားတယ်။ အဲဒီမှာ လူကြီးတစ်ယောက်က လူငယ်လေးကို ဇွန်းထဲမှာ ဆီအပြည့်ထည့်ပြီး အဲဒီဇွန်းထဲက ဆီကို မဖိတ်စေဘဲနဲ့ ရဲတိုက်ကြီးကို လှည့်ပတ်ကြည့်ဖို့ ပြောခဲ့တယ်။ အဲဒီမှာ လူငယ်လေးဟာ ဇွန်းထဲက ဆီဖိတ်မှာဆိုးတာနဲ့ ရဲတိုက်ကြီးရဲ့အလှအပကို မခံစားနိုင်ခဲ့ဘူး။ ဇွန်းထဲကဆီကိုပဲ အာရုံစိုက်နေမိတယ်။ နောက်တစ်ခေါက် ဇွန်းထဲကဆီတွေကို အာရုံမထားဘဲ ရဲတိုက်ကြီးရဲ့အလှကိုသာ ကြည့်ခဲ့လို့ဆိုလိုက်တော့ လူငယ်လေးဟာ ရဲတိုက်ကြီးရဲ့အလှမှာ နစ်မျောသွားပြီး ဆီတွေတစ်စက်မှ ပြန်ပါမလာတော့ဘူး။ အဲဒီမှာ ပညာရှိလူကြီးပြောတာက ကျွန်တော်တို့တွေဘဝမှာ လူလာဖြစ်တယ်ဆိုတာဟာလည်း ရဲတိုက်ကြီးထဲရောက်လာတဲ့လူငယ်လေးလိုပဲတဲ့။ ရဲတိုက်ရဲ့အလှမှာပဲ မျောနေမယ်ဆိုရင် ဆီတစ်စက်မှ ကျန်မှာမဟုတ်သလို ဆီမဖိတ်ဖို့ကိုပဲ တွေးနေမယ်ဆိုရင်လည်း ပတ်ဝန်းကျင်ရဲ့ အလှအပ၊ ရဲတိုက်ကြီးရဲ့ အလှအပကို ခံစားမိမှာမဟုတ်ဘဲ အချိန်ကုန်သွားမှာဖြစ်တယ်”လို့ ပြောထားတယ်။

ဒါကြောင့် ဘဝကိုအကျိုးရှိရှိ အသုံးချနိုင်တယ်ဆိုတာ လူငယ်လေးက ရဲတိုက်ကြီးရဲ့အလှကို ခံစားနိုင်သလို ဆီကိုလည်း အတတ်နိုင်ဆုံး မဖိတ်ဘဲ သယ်ဆောင်နိုင်ခြင်းမျိုး ဖြစ်တယ်။ ကျွန်မတို့ဟာ ကိုယ်အလိုရှိရာပန်းတိုင်ကို ရောက်အောင်သွားရင်း သွားရာလမ်းတစ်လျှောက်မှာ ကြုံတွေ့ရတဲ့အရာတွေကိုလည်း သတိချပ်ကာ လက်လွှတ်မခံဘဲ ကောင်းကောင်းမွန်မွန် အသုံးချသွားဖို့ လိုအပ်ပါတယ်။ ဘဝကို ကျေနပ်ပျော်ရွှင်ပြီး အောင်မြင်မှုကိုလည်း ပိုင်ဆိုင်နိုင်ကာ ကောင်းမွန်ပြည့်စုံတဲ့ ဘဝပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း။ ။

■

## လောကကို အလှဆင်နိုင်ပါစေ

လောကကို အလှဆင်လျက်
ရှေ့သို့ဆက် ယခုနောင်။
အတ္တမာန်တွေ ရင်မှာမပျိုး
ကိုယ်ကျိုးဖယ်ရှောင်။
အများအကျိုး သယ်ပိုးဆောင်
လူတို့ဘောင် သာယာရေး။
ချစ်မေတ္တာ ကိုယ်စီလွှမ်းလို့ရယ်
လှမ်းလျှောက်မနေး။
မုန်းစိတ်တွေ ရင်မှာမမွေးနဲ့
အကြင်နာပေး လူ့ရပ်ပြည်။
စာနာကွယ် လူသားတိုင်းကို
ရိုင်းပင်းကူညီ။
သုံးဆယ့်ရှစ်ပါး မင်္ဂလာမည်
ကျင့်သုံးအတည် နေထိုင်ရင်း။
အပြစ်ဘယာတွေ ဘေးမခလို့
အေးမြစေမင်း။
ကောင်းမှုတွေ နှလုံးသွင်းလို့
ရိုးသားခြင်း ရှိစေတကယ်။
မကောင်းမှုတွေ ဘယ်မဟွား
ရှောင်ရှားလေကွယ်။
လူသားအကျိုး မှန်းရည်ရွယ်
သယ်ပိုးမယ် သူငါအများ။
ပျော်ရွှင်စွာ အားခွန်သစ်နဲ့
ထုဆစ်လှုပ်ရှား။ ။

ရဲသွေးနီ (တက်ဝန်)

## ဆောင်းဦးချိန်ခါ

စပါးစုံတဲ့ လယ်ကွင်းပြင်
ရွှေရောင်ဝင်းမှည့်လျှင်။
ကျေးငှက်စုံလင် ပျော်ရွှင်မြူး
ဝန်းကျင်အလှထူး။
တောင်သူဦးကြီး ပြုံးပျော်ကာ
ကြည်နူးပီတိဖြာ။
ပြောစည်သံသာ လှူနိုင်ရေး
စိတ်ဝယ်အမြဲတွေး။
မြူနှင်းဖွေးဖွေး ကမ္ဘာမြေ
အေးချမ်းသာယာနေ။
မြိုင်ဟေဝန်မှာ စိမ်းစိုလန်း
ဖူးပွင့်သဇင်ပန်း။
နိဗ္ဗာန်ရည်မှန်း အလှူတော်
ကထိန်ခင်းလို့ပျော်။
ဆီမီးပူဇော် မြတ်ဗုဒ္ဓ
တန်ဆောင်တိုင် လပြည့်ည။

မင်းဝေအောင်(ရဲကျွန်း)

# စားရေရိက္ခာဖူလုံရေး လူတိုင်းပါဝင်ကြိုးပမ်းပေး

**ညွန့်ဝင်း(နတ်တလင်း)**



ထိုင်းနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ဒရုန်းများအသုံးပြုဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အသက်ရှည်စေသည့် အကြောင်းတရားလေးပါးတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ပါဝင်သည်။ ထိုအထဲတွင် အာဟာရသည် အရေးကြီးဆုံးနေရာတွင် ပါဝင်နေသည်။ အာဟာရမှီဝဲစားသောက်ရမှသာ အသက်ရှင်ရပ်တည်နိုင်ပေသည်။ ထိုသို့မှီဝဲစားသောက်ရာ၌လည်း အာဟာရလုံလောက်မျှတစွာရရှိရန် လိုအပ်သည်။ ထို့ကြောင့် လူ့ဘဝ၏အဓိကလိုအပ်ချက်ကြီးသုံးရပ်တွင် စား၊ ဝတ်၊ နေရေးဟူ၍ စားရေးကို ရှေ့ဆုံးမှ ထားရှိခြင်းဖြစ်သည်။

**စားရေရိက္ခာအတွက် မရှိမဖြစ်လုပ်ငန်းများ**

ကျွန်ုပ်တို့သည် အသက်ရှင်ရပ်တည်နိုင်ပြီး ကုန်ဆုံးသွားသောစွမ်းအင်များ ပြန်လည်ဖြည့်တင်းရန် အစာအာဟာရကို မှချမှီဝဲရပါသည်။ ကျွန်ုပ်တို့လူသားများသည် သမိုင်းဦးအစတွင် အာဟာရအတွက် သားကောင်များကို ဖမ်းဆီးပြီး အစိမ်းလိုက်စားခဲ့ကြသည်။ ရာသီဥတုဒဏ်ခံနိုင်ရန်နှင့် သားရဲတိရစ္ဆာန်များဘေးမှကာကွယ်ရန် မီးကိုအသုံးချရာမှ အသားစိမ်းများ မီးထဲသို့ အမှတ်မထင်ကျပြီး ဆယ်ယူစားသောက်ရာတွင် အသားကို အစိမ်းစားခြင်းထက် ချက်ပြုတ်စားခြင်းက ပို၍အရသာရှိကြောင်းသိခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် သီးနှံများကို ရှာဖွေစားသောက်ရာမှ အလွယ်တကူစားသုံးနိုင်ရန် ကိုယ်တိုင်စိုက်ပျိုးလာကြသည်။ ခိုင်းစေရန်နှင့် အသားအတွက် သားကောင်များကို မွေးမြူလာကြသည်။ ထိုသို့ဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် စားရေရိက္ခာအတွက် မရှိမဖြစ်သောလုပ်ငန်းများဖြစ်လာသည်။

အစပိုင်းတွင် စိုက်ပျိုးမွေးမြူ၍ စားရေရိက္ခာထုတ်လုပ်မှုနှင့် လူတို့၏စားသုံးမှု မျှတလုံလောက်ခဲ့သည်။ နောက်ပိုင်းတွင် တိုးချဲ့၍ စိုက်ပျိုးမွေးမြူလျက် စားရေရိက္ခာပိုမိုထုတ်လုပ်သည့်ကြားမှပင် တဖြည်းဖြည်း အဆမတန်တိုးပွားလာသောလူဦးရေအတွက် ရိက္ခာမလုံလောက်မှုများ ဖြစ်လာသည်။ ကမ္ဘာ့လူဦးရေ တိုးပွားနှုန်းကလည်း ဒီရေအလား တရိပ်ရိပ်တိုးတက်လာနေခဲ့သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ကမ္ဘာ့လူဦးရေသန်း ၈၀၀၀ ပြည့်ပြီဟု ကုလသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့သည်။ ထိုလူဦးရေအတွက် စားရေရိက္ခာလုံလောက်ရေးသည် အရေးတကြီးကြိုးပမ်းဆောင်ရွက်ရမည့်ကိစ္စဖြစ်လာသည်။

ကမ္ဘာ့လူဦးရေတိုးပွားမှုကြောင့် နေစရာများတိုးချဲ့ခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ရင်းနှင့်ပင် နောက်ထပ်တိုးချဲ့ရန် နေရာရှားပါးလာသည်။ ကမ္ဘာမြေကလည်း ထပ်မံမကျယ်ပြန့်နိုင်တော့ပေ။ ထို့ကြောင့် နယ်မြေတိုးချဲ့ရန် မဖြစ်နိုင်တော့ဘဲ စိုက်ပျိုးမွေးမြူစနစ်များကို ပိုမိုတိုးတက်အောင် နည်းပညာအကူအညီဖြင့် တီထွင်ကြိုးပမ်းလာကြရလေသည်။ သို့သော် ကမ္ဘာတွင် စားရေရိက္ခာပြတ်လပ်မှု၊ အာဟာရချို့တဲ့မှုများကို တွေ့ကြုံရင်ဆိုင်နေရသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့စားနပ်ရိက္ခာပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကနေဒါနိုင်ငံ ကွီဘက်မြို့၌ ကွီဘက်ညီလာခံကြီးကို ကျင်းပခဲ့သည်။ ထိုညီလာခံတွင် "ကမ္ဘာတစ်လွှားရှိ လူသားထုတစ်ရပ်လုံး မတောင့်မတ၊ မကြောင့်မကြနှင့် ငြိမ်းချမ်းစွာစားသောက်နေထိုင်နိုင်ရန်"ဟူသောဦးတည်ချက်ဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ကြီး၏ ရည်မှန်းချက်မှာ "မည်သည့်ကလေးငယ်မျှ ထမင်းမစားရဘဲ အိပ်ရာဝင်သည်မရှိစေရ။ မည်သည့်လူကြီးတစ်ယောက်မျှ နောက်တစ်နေ့ထမင်းအတွက် ပူပန်ကြောင့်ကြမှုမရှိစေရ" ဟူ၍ ဖြစ်သည်။ ထိုဦးတည်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး စတင်ဖွဲ့စည်းခဲ့သော အောက်တိုဘာလ ၁၆ ရက်နေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၎င်းသတ်မှတ်ချက်အရ နှစ်စဉ်အောက်တိုဘာလ ၁၆ ရက်နေ့ရောက်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားများ ကျင်းပလာခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် အသေးစိတ်ရည်ရွယ်ချက် (၄) ရပ်ထားရှိဆောင်ရွက်လျက်ရှိသည်။ ယင်းတို့မှာ-

(၁) အာဟာရပြည့်ဝမှုနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရန်၊

(၂) လယ်ယာ၊ သစ်တော၊ ရေလုပ်ငန်းတို့မှ စားသောက်ကုန်ပစ္စည်းနှင့် စိုက်ပျိုးထွက်ကုန်များ ပိုမိုတိုးတက်လာစေရန်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရန်၊

(၄) ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အားပေးကူညီပြီး ငတ်မွတ်ခေါင်းပါးမှုကို ဖယ်ရှားရန်တို့ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့ (WFA) ကိုလည်း ဖွဲ့စည်း၍ အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အရေးပေါ်အခြေအနေအရ လိုအပ်သလိုဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီး ရိက္ခာပြတ်တောက်သည်နှင့် အလှူရှင်နိုင်ငံများက ဝိုင်းဝန်းကူညီဆောင်ရွက်ရန်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံကို တစ်နှစ်ခြားကျင်းပသည်။

**အာဟာရမပြည့်ဝသူဦးရေ တိုးတက်လျက်သာရှိ**

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ပြီးခဲ့သောဆယ်စုနှစ်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်နေသည့်ကြားမှပင် စားရေရိက္ခာလိုအပ်မှု လျော့ကျခြင်းမရှိဘဲ အာဟာရမပြည့်ဝသူဦးရေ တိုးတက်လျက်သာရှိခဲ့သည်။ ကမ္ဘာ့လူဦးရေ သန်း ၆၀၀၀ ကျော်အနက် အာဟာရမပြည့်ဝသူဦးရေမှာ သန်း ၈၀၀ ကျော်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ထုတ်ပြန်ချက်အရ သိရှိရသည်။ ယင်းထုတ်ပြန်ချက်အရ ယေဘုယျအားဖြင့် ကမ္ဘာ့လူဦးရေ ကိုးဦးလျှင် တစ်ဦးသည် အာဟာရပြည့်ဝမှုမရှိဘဲ ငတ်မွတ်နေကြောင်း တွေ့ရသည်။ ဤသို့ဖြစ်ရသည်မှာ ကမ္ဘာ့လူဦးရေအတွက် စားရေရိက္ခာထုတ်လုပ်နိုင်မှုပမာဏ မပြည့်စုံမှုကြောင့်သာမက စားရေရိက္ခာတို့၏ အရည်အသွေးမပြည့်ဝမှုကြောင့်လည်းဖြစ်သည်ဟု သိရသည်။ လူတို့၏စားသောက်မှုပုံစံများမှာလည်း ကျန်းမာရေးနှင့်ညီညွတ်စွာ မစားသောက်နိုင်မှုသည် ကမ္ဘာ့ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ၏အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်လာသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး ရေရှည်တည်တံ့သော စားရေရိက္ခာများကို လူတိုင်းရရှိစားသုံးနိုင်ရေးသည် ချက်ချင်း

**"မြန်မာနိုင်ငံသည် စိုက်ပျိုးသီးနှံ ၆၀ ကျော်ကို ရာသီအလိုက် ကြိုးစားစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ လက်ရှိ ဆန်နှင့် အခြားပြည်တွင်းထွက်သီးနှံများ၊ သားငါးများသည် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံထွက်ကုန်များကို နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနိုင်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ စားရေရိက္ခာထုတ်လုပ်မှုဖြစ်စဉ်ကိုကြည့်လျှင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ သမားရိုးကျလုပ်ငန်းအတွေ့အကြုံနှင့် နည်းနာများအပေါ် အခြေခံ၍ လုပ်ကိုင်နေရဆဲဖြစ်သည်။ ထို့ကြောင့် သမားရိုးကျနည်းလမ်းများဖြင့် ရိက္ခာထုတ်လုပ်မှုအဆင့်မှ နည်းပညာဆန်းသစ်မှုဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်သောအဆင့်ရောက်အောင် ဆက်လက်ကြိုးပမ်းကြရပါမည်"**

လုပ်ဆောင်ရမည့် အရေးကြီးကိစ္စဖြစ်လာပေသည်။ လူတို့သည် သဘာဝအသီးအနှံထက် ပြုပြင်ပြီးသားအသင့်စားသုံးနိုင်သော အစားအစာများကိုသာ အလွယ်တကူစားသုံးလာကြသည်။ ၎င်းသည် အာဟာရမပြည့်ဝခြင်း၊ ရောဂါထူပြောခြင်း၏ အကြောင်းများဖြစ်လာသည်။ စားရေရိက္ခာထုတ်လုပ်မှုနှင့်ပတ်သက်၍ FAO ၏ တင်ပြချက်တွင် ယခင်က ကမ္ဘာတွင် စားရေရိက္ခာအတွက် အပင်အမျိုးပေါင်း ၆၀၀ ကျော် စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါ အပင်ကိုးမျိုးကိုသာ အထူးဦးစားပေးစိုက်ပျိုးလာခဲ့ကြသည်။ ထိုအထဲမှ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ဂျုံ၊ ပြောင်း၊ ဆန်စပါးတို့ကို ခေတ်မီအထွက်တိုးနည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

**မဟာဗျူဟာသုံးရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးသီးနှံ ၆၀ ကျော်ကို ရာသီအလိုက် ကြိုးစားစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အားလုံးဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝဖူလုံစေရန် ချမှတ်ပြီးဖြစ်သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများဖြစ်သည့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားတိုးတက်စေမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုဟူသော မဟာဗျူဟာသုံးရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လာခဲ့သည်။ လက်ရှိ ဆန်နှင့် အခြားပြည်တွင်းထွက်သီးနှံများ၊ သားငါးများသည် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံထွက်ကုန်များကို နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနိုင်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ စားရေရိက္ခာထုတ်လုပ်မှုဖြစ်စဉ်ကိုကြည့်လျှင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ သမားရိုးကျလုပ်ငန်းအတွေ့အကြုံနှင့် နည်းနာများအပေါ် အခြေခံ၍ လုပ်ကိုင်နေရဆဲဖြစ်သည်။ ထို့ကြောင့် သမားရိုးကျနည်းလမ်းများဖြင့် ရိက္ခာထုတ်လုပ်မှုအဆင့်မှ နည်းပညာဆန်းသစ်မှုဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်သောအဆင့် ရောက်အောင် ဆက်လက်ကြိုးပမ်းကြရပါမည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်နေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် နည်းကောင်း၊ လမ်းကောင်း၊ မျိုးကောင်းများ အသုံးပြု၍ စက်မှုလယ်ယာစနစ်ကို ဦးတည်အကောင်အထည်ဖော်ခဲ့သည်။ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် စပါးနှင့် ပဲအမျိုးမျိုးကို အရည်အသွေးပြည့်မီ၍ ပိုမိုအထွက်တိုးရန် ဘက်ပေါင်းစုံစီမံပေးလျက် စိုက်ပျိုးစရိတ်ချေးငွေများကို ရာသီအလိုက်ထုတ်ချေးပေးလျက်ရှိသည်။ သား၊ ငါးကဏ္ဍတွင်လည်း စီမံကိန်းများ ချမှတ်ဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် မိုင်ပေါင်း ၁၃၀၀ ကျော်ရှည်လျားရာ ငါးလုပ်ငန်းနှင့် ရေသယံဇာတလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်ပြုလုပ်နိုင်သည်။ သား၊ ငါးကဏ္ဍ ရေရှည်တိုးတက်စေရေးအတွက် ငါး၊ ပုစွန်မျိုးမပြုန်းတီးရေး၊ ဇီဝဆိုင်ရာဂေဟစနစ် မပျက်စီးစေရေးတို့ကို နိုင်ငံတော်က စနစ်တကျကြီးကြပ်ထိန်းသိမ်းဆောင်ရွက်လာခဲ့သည်။ ဆက်လက်ထိန်းသိမ်းလျက် ငါးနှင့် ရေသယံဇာတများ ရေရှည်တည်တံ့တိုးပွားစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အရည်အသွေးမီ စားသောက်ကုန်များ

စာမျက်နှာ ၂၃ သို့ ✤

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြု ခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာ စေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက် ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။






❖ **MFFဖူဆယ်လိဂ်မှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် လိဂ်-၂ ပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ထားပြီး ပြီးခဲ့သည့်နှစ်တွင် ရှစ်သင်းသာပါဝင်သော်လည်း ယခုနှစ်တွင် လေးသင်းအထိ တိုးမြှင့်ထားခြင်းဖြစ်သည်။ လိဂ်ပြိုင်ပွဲများကို တန်းတက်၊ တန်းဆင်းစနစ်ကျင့်သုံးနိုင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်ကာ လိဂ်-၂ ပြိုင်ပွဲ စတင်ကျင်းပခြင်းဖြစ်သည်။

ယင်းလိဂ်ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် လိဂ်မစတင်မီ အကြိုပြင်ဆင်မှုအဖြစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် MFF Futsal Championships ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-သော်ကြီး**

## မိုင်းယောင်းမြို့နယ်၏ စပါး၊ ဆန် ဈေးနှုန်းအခြေအနေ

**မိုင်းယောင်း နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နိုဝင်ဘာ ၁၀ ရက်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းအနေဖြင့် တော်ဝင်မိုင်းယောင်း ဆန်စက်မှ မော်ဘီ-၃ စပါး တစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀ ဖြင့် ဒေသပေါက်ဈေးအတိုင်း ဝယ်ယူလျက်ရှိပြီး ၁၀ ကီလို မော်ဘီ-၃ ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၊ ၂၀ ကီလို မော်ဘီ-၃ ဆန်တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။



အခြေခံစားသောက်ကုန်ဈေးနှုန်းများအနေဖြင့် ဆန်ကြာဆံ တစ်ထုပ် ငွေကျပ်၁၃၅၀၊ ဂျုံကြာဆံ တစ်ထုပ်ငွေကျပ် ၂၈၀၀၊ အသားတု တစ်ပိဿာငွေကျပ် ၇၅၀၀၊ မုန့်တီခြောက် တစ်ထုပ်ငွေကျပ် ၈၀၀၊ ငါးနီတူခြောက် တစ်ပိဿာ ငွေကျပ် ၁၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

တော်ဝင်မိုင်းယောင်း ဆန်စက်မှ ဝယ်ယူဖြန့်ဖြူးသည့် စပါး၊ ဆန်ဈေးနှုန်းများကို သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၂၈၂၂ ၃၄၆၈ နှင့် ၀၉- ၆၉၂၁၃၀၂၄၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■ **ကျောဖုံးမှ**

ရရှိခဲ့လို့ စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုပါက ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးကို ယာယီဦးဆောင်ခွင့်ရရှိမှာဖြစ်ပေမယ့် လက်ရှိအချိန်မှာတော့ ရှုံးပွဲကြုံတွေ့မှုကြောင့် ရမှတ် ၂၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၂)နေရာမှာသာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နိုဝင်ဘာ ၁၁ ရက် ညပိုင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ အာဆင်နယ်အသင်းက ဘန်လေအသင်းကို သုံးဂိုး-တစ်ဂိုး၊ အဲဗာတန်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကိုသုံးဂိုး-နှစ်ဂိုး၊ မန်ယူအသင်းက လူတန်တောင်းအသင်းကို တစ်ဂိုး- ဂိုးမရှိစသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

❍ **ကမ္ဘောဖလားမှ**

ကစားသမားအစုံအလင် လေ့ကျင့်နိုင်သည့်ရက်နည်းပါးခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ပဏာမကစားသမား ၂၉ ဦး ရွေးချယ်ခဲ့သော်လည်း နောက်ပိုင်းတွင် ကစားသမားအချို့ ထပ်မံအားဖြည့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘောဖလား ခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် တစ်ပတ်ကျော်ရရှိမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘောဖလား ခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်လက်ရွေးစင်အသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

✤ **စာမျက်နှာ ၂၂ မှ**

ထုတ်လုပ်နိုင်ရန် ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနှင့်အညီ နိုင်ငံတော်က အသိပညာပေးဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးတွင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များကို မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးတွင်လည်း ရာသီဥတုကြောင့် သီးနှံများပျက်စီးမှုမှ ကာကွယ်ရေး၊ အရည်အသွေးကောင်း စိုက်ပျိုးသီးနှံများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ပံ့ပိုးကူညီမှု၊ အစိုးရနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဟန်ချက်ညီညီကြိုးပမ်းနိုင်မှသာ ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှုများ ကင်းဝေးလျက် အာဟာရပြည့်ဝရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ ပြည့်စုံလာမည်ဖြစ်သည်။

ကမ္ဘာတွင် ဆက်လက်တိုးပွားလာမည့် လူဦးရေကို ရပ်တန့်အောင် တားဆီးနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် တိုးပွားလာသောလူဦးရေကို ကုန်ထုတ်လုပ်မှုစွမ်းအားစုအဖြစ် အကောင်းဆုံးဖန်တီးအသုံးချသွားရမည်သာဖြစ်သည်။ ထိုသို့ ဖန်တီးအသုံးချလျက် တစ်ဦးချင်း၊ တစ်နိုင်ငံချင်းစီတို့က ခေတ်မီနည်းပညာများကို ရယူလျက် စားရေရိက္ခာဖူလုံရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ဆောင်ရွက်ကြမည်ဆိုလျှင် ကမ္ဘာသူကမ္ဘာသားတို့သည် ဒုဗ္ဘိက္ခန္တရကပ်တည်းဟူသော ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကင်းလွတ်ကာ သာယာဝပြောစွာ အသက်ရှင်ရပ်တည်နေနိုင်ကြမည်ဖြစ်ပါသည်။ ။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်နေ မနှင်းနုဝါလွင်၏ ဖခင်အမည်မှာ ဦးလွန်း(ခ) ဦးချမ်းလွင် မှတ်ပုံတင်အမှတ် [၃/ကဆက(နိုင်)၁၀၄၇၆၉] တစ်ဦးတည်းဖြစ်ပါကြောင်း။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သက်ရှိ ကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၄၁၊ တ/၁၅ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်-၂၀၈၃/ခ၊ ပေ(၂၀ x ၆၀) မြေကွက်အား ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်လဲ့လဲ့ဝင်း[၁၂/ရပသ(နိုင်)၁၄၆၉၇၃]ထံမှ ဒေါ်မိုးစံပယ်ထွေး[၁၂/ရပသ(နိုင်)၀၄၁၀၄၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်အေးအေးလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၆၈)
အမှတ်-၇၂၀/က၊ မန္တလေးလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
ဖုန်း- ၀၉- ၇၇၂၆၂၂၉၂၅

**ကန့်ကွက်နိုင် ကြောင်းကြော်ငြာ**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၅၃၊ မြေကွက်အမှတ်-၃၉/န၊ မြေကွက်တည်နေရာ အမှတ်-(၁၁၀)၊ ဇေယျာသုခလမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (မောင်စံသိန်း)အမည်ပေါက် ဘီမြေအား အမည်ပေါက် မောင်စံသိန်း (ဖခင်) သည် ၁၃-၁-၂၀၀၀ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်အမီနာ (မိခင်)သည် ၂၂-၁-၁၉၉၂ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဦးကြည်ဝင်း [၁၂/သဃက (နိုင်) ၀၄၅၇၁၉]၊ ဦးကြည်လှိုင် (TGKN-၀၅၂၄၉၆) တို့က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကတိသစ္စာပြုလွှာအမှတ်-၁၅၂၈/၂၀၂၃ (၁-၆-၂၀၂၃)၊ ဒေါ်အမီနာ သေဆုံးကြောင်း တိုင်းကျန်းမာရေး ဦးစီးဌာန၏ ထောက်ခံစာ၊ ရပ်ကွက်၊ မြို့နယ် ထောက်ခံချက်၊ သေစာရင်း၊ ဦးကြည်လှိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ပျောက်ဆုံးကြောင်း လျှောက်ထားချက်၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက် အရောင်းစာချုပ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**အများသိစေရန်ကြေညာခြင်း**

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ကေသီစိုး [၁၃/လရန(နိုင်)၀၇၈၃၂၃] သည် (၁၉-၉-၂၀၂၃) ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသည်။ ယနေ့အချိန်ထိလည်း အဆက်အသွယ် မလုပ်ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝမျှ ကျွန်ုပ်နှင့်မသက်ဆိုင်သည့်အတွက် ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးအောင်နိုင်ဦး**
**[၁၂/ကတတ (နိုင်) ၀၁၇၈၄၇]**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/စက်မြေ၊ မြေကွက်အမှတ်-၇၅၊ ဧရိယာ (၂၄၀၀) စ/ပေ၊ မြေကွက်တည်နေရာ - အမှတ် (၇၅)၊ ဆရာစံလမ်း၊ စက်မြေရပ်ကွက်၊ ဒလမြို့နယ်၊ ဦးတင်ဖေ [၁၂/ဒလန (နိုင်)၀၀၁၇၅၆] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်ဖေ (ဖခင်၊ အဘိုး၊ ယောက္ခထီး)နှင့် ဒေါ်ခင်မြ (မိခင်၊ အဘွား၊ ယောက္ခမ) တို့ အသီးသီးကွယ်လွန်သဖြင့် ၁။ ဒေါ်မြမြသင်း [၁၂/သကတ(နိုင်)၀၈၃၉၅၃]၊ ၂။ ဒေါ်စန္ဒာဝင်း [၁၂/ဒလန(နိုင်)၀၂၄၅၃၅]၊ ၃။ ဦးထွန်းထွန်းဦး [၁၂/ဒလန (နိုင်) ၀၂၄၅၀၁]၊ ၄။ ဒေါ်အေးအေးခိုင် [၁၂/ဒလန (နိုင်) ၀၃၆၆၁၂]၊ (၅) ဦးသန်းဝင်း [၁၂/ဒလန (နိုင်) ၀၂၄၄၇၄]၊ ၆။ ဒေါ်ခင်ဝင်းရီ [၁၂/ဒလန (နိုင်) ၀၀၁၄၇၀]၊ ၇။ ဒေါ်မြမြသိန်း [၁၂/ဒလန (နိုင်) ၀၀၁၄၆၂]၊ ၈။ ဒေါ်ကျင်ပို့ [၁၂/သကတ (နိုင်) ၁၀၅၂၀၂] တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သားသမီး၊ ချွေးမ၊ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်များ၊ ဒေါ်ခင်မြသေဆုံးကြောင်း ရပ်ကွက်၊ မြို့နယ်၊ တိုင်းကျန်းဦးစီးဌာနထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်မြမြသင်း+၇ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာများဖြစ်သော GP ( ၁၉၄/၂၄-၅-၂၀၂၃ ) (၁၉၅/၂၄-၅-၂၀၂၃) (၈၁၆၀/၈-၅-၂၀၂၃) တို့ရသူ ဦးဖိုင်ဇယ်အာမက် (ခ) ဦးစိန်ဝင်းထွန်း [၁၂/ဗတထ (နိုင်) ၀၃၃၉၈၂]က ပါဝါ၊ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ ပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၄၃၊ ရပ်ကွက်အမှတ် (ထ/၁၆)ရပ်ကွက်၊ သီတာ(၁)လမ်း၊ မြေကွက်အမှတ်-၈၄၇/ခ ဟုခေါ်တွင်သော အကျယ်ပေ(၂၀ x ၆၀)ပေ ထောင့်ကွက်ခြံမြေသည် ဦးသောင်းစိန် အမည်ပေါက် ပါမစ်မူရင်းနှင့် ဆက်စပ်စာချုပ်များ လက်ဝယ်ရှိသူ မိမိသာတစ်ဦးတည်း ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးကျော်စည်သူ [၁၂/အစန (နိုင်)၁၈၉၂၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနာရင်ဒါ[၇/ကတခ(ပြု) ၀၀၆၁၇၅]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အဆိုပါ ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ဆက်သွယ်အကြောင်းကြားရန် ယနေ့မှစတင်၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မိုးစံပယ်ထွေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၈)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၉၉၇၄၁၃၃၂၊ ၀၉-၄၂၉၁၃၇၈၄၃

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ကံဘဲ့)၊ မြေကွက်အမှတ် (၉၄/ခ)၊ (၀.၀၄၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၅)၊ စောလှဘော်လမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးဗစ်တာသောင်းနိုင်[၁၂/ရကန(နိုင်)၀၆၁၉၆၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးဗစ်တာသောင်းနိုင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မာညွန့်[၁၂/ရကန(နိုင်)၀၅၃၀၅၁]ထံမှ GP အမှတ်-၁၁၇၄၀/၂၀၂၃(၂၂-၆-၂၀၂၃)ရသူ ဒေါ်စုစုသီရိနိုင်[၁၂/ရကန(နိုင်)၀၇၀၅၈၈] မှ ဂရန်မူရင်း၊ ဦးဗစ်တာသောင်းနိုင်၏ စင်ကာပူနိုင်ငံသေဆုံးမှုလက်မှတ်၊ ခင်ပွန်းမကွယ်လွန်မီက တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ပြီး မိမိမှလွဲ၍ အခြားသော ဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းမကွယ်လွန်မီက သေတမ်းစာတစ်စုံတစ်ရာရေးသားထားခဲ့ခြင်းမရှိပါကြောင်း၊ မိမိသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားသောအမွေဆက်ခံပိုင်ဆိုင်ခွင့် မည်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒေါ်ခင်မာညွန့်၏ ၂၈-၆-၂၀၂၃ ရက်စွဲပါ တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ GP၊ ပါဝါပေးသူသက်ရှိထင်ရှားရှိပြီး ပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်း ကတိသစ္စာပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ကမာကသွယ်၊ မြေကွက်အမှတ်-၇၈၁၊ ဧရိယာ (၂၄၀၀) စ/ပေ၊ မြေကွက်တည်နေရာ - အမှတ် (၇၈၁)၊ ကျန်စစ်သားလမ်း၊ ကမ္ဘာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ဦးသောင်းဝင်း [၁၂/ဒလန (နိုင်) ၀၀၈၂၇၅] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးသောင်းဝင်း (ဖခင် )နှင့် ဒေါ်သောင်းသောင်း (မိခင်) တို့ အသီးသီးကွယ်လွန်သဖြင့် ၁။ ဒေါ်စမ်းစမ်းမော် [၁၂/ဒလန (နိုင်) ၀၂၄၁၉၂]၊ ၂။ ဒေါ်စန်းစန်းကြည် [၁၂/ဒလန (နိုင်) ၀၀၇၁၄၅]၊ ၃။ ဦးအောင်မင်းဦး [၁၂/ဒလန (နိုင်) ၀၀၈၂၇၆]၊ ၄။ ဦးဇော်မင်းဦး [၁၂/ဒလန (နိုင်) ၀၀၀၃၄၆]၊ ၅။ ဒေါ်ခင်ထိုက်ထိုက် [၁၂/ဒလန (နိုင်) ၀၀၇၁၄၆]၊ ၆။ ဒေါ်နီလာဝင်း [၁၂/ဒလန (နိုင်) ၀၃၈၀၀၂] တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၂) စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်စမ်းစမ်းမော်+၅ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာများဖြစ်သော GP (၄၀၃/၁၈-၈-၂၀၂၃) (၁၉၂/၂၄-၅-၂၀၂၃) (၈၉၈၈/၁၉-၅-၂၀၂၃) တို့ရသူ ဦးဖိုင်ဇယ်အာမက် (ခ) ဦးစိန်ဝင်းထွန်း [၁၂/ဗတထ (နိုင်) ၀၃၃၉၈၂] မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**"ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် (၂၃)၊ မြေညီထပ်၊ (လက်ဝဲဘက်) အခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်"**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ်(၂၀) နေ **ဒေါ်ခင်သန်းဝင်း [၁၃/ကတန(နိုင်)၁၂၆၉၄၁]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ခင်သန်းဝင်းမှ တရားလိုပြုလုပ်၍ တရားပြိုင် ဒေါ်စုချင်းရီ(ခ)မနှင်းမွှန်အပေါ် **"သီခြားသက်သာခွင့်ဥပဒေပုဒ်မ-၉ အရ အတင်းအဓမ္မ သိမ်းပိုက်၍ လက်လွှတ်ဆုံးရှုံးခဲ့သော တိုက်ခန်းအား ပြန်လည်လက်ရောက်ရလိုမှု"** ဖြင့် သဃ်န်းကျွန်းခရိုင်တရားရုံးတွင် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၀၈ ဖြင့် တရားစွဲဆိုခဲ့ရာ (၂၀-၇-၂၀၂၃) ရက်နေ့တွင် သဃ်န်းကျွန်းခရိုင်တရားရုံးက တရားလို ဒေါ်ခင်သန်းဝင်းထံ အချင်းဖြစ်ဖြင့် တိုက်ခန်းအား လက်ရောက်ပေးအပ်စေရန် အနိုင်ဒီကရီချမှတ်ထားပြီးဖြစ်သည့်အတွက် အချင်းဖြစ်တိုက်ခန်းနှင့်ပတ်သက်ပြီး သဃ်န်းကျွန်းခရိုင်တရားရုံးတွင် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၂၄ ဖြင့် လက်ရောက်ရရှိရန် ဆောင်ရွက်နေပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် အသုံးပြုခြင်းတို့ကို မပြုလုပ်ရန်နှင့် ဥပဒေမဲ့ လုပ်ဆောင်နေသည်ကို သိရှိရပါက ပြုလုပ်သူများနှင့် ပါဝင်ပတ်သက်လုပ်ဆောင်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**LL.B(Q), D.B.L, P.D.C.W.E,**
**WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၂၅/ ၂၀၁၂)**
**တိုက်အမှတ်(C-2)၊ အခန်းအမှတ်(A-103), Time Square Condo၊**
**ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09- 250000587, 09-799606825**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်**

**လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်၍ လုံးဝသက်ဆိုင်မှု မရှိတော့ကြောင်း မာမက်တော်ယုပ် (ခ) ဦးစိုးမြင့် [၁၂/ဗတထ (နိုင်) ၀၄၅၈၅၂] နှင့် အများသိစေရန်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နာယူမာခင်ခင် [၁၂/ ဗတထ (နိုင်) ၀၄၉၄၇၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် မာမက်တော်ယုပ် (ခ) ဦးစိုးမြင့်တို့သည် (၂၅-၂-၂၀၀၅) ရက်နေ့က အစ္စလာမ်ထုံးတမ်းစဉ်လာအတိုင်း ထိမ်းမြားလက်ထပ်ခဲ့ကြပြီး သား (၄) ဦး ထွန်းကားခဲ့ပါသည်။ မာမက်တော်ယုပ် (ခ) ဦးစိုးမြင့်သည် ဇနီးနှင့် သားများအပေါ် ကောင်းမွန်စွာ ရှာဖွေကျွေးမွေးမှုမရှိခြင်း၊ လောင်းကစားကိစ္စများဖြင့် အချိန်ကုန်နေခြင်း၊ အခြားခွင့်မလွှတ်နိုင်သည့် အပြုအမူများ ဆောင်ရွက်ခြင်းတို့ကြောင့် လင်မယားဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သဖြင့် (၂၄-၁၁-၂၀၂၂) ရက်နေ့တွင် သက်သေများနှင့် ရှေ့နေတို့ရှေ့တွင် အစ္စလာမ်ထုံးထမ်းအရ ခင်ပွန်းက **"သွလာကေဗာအင်န်"** တစ်ကြိမ် မြွက်ဟကြေညာကာ **"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"** ကို ပြုလုပ်ချုပ်ဆို ကွာရှင်းခဲ့ကြပါသည်။ ကွာရှင်းပြီးချိန်မှစ၍ လင်မယားသီးခြားနေထိုင်လျက်ရှိပြီး ကလေး (၄) ဦးကို ကျွန်ုပ်၏မိတ်ဆွေနှင့် မိဘအသိုင်းအဝိုင်းက ဝိုင်းဝန်းကြည့်ရှုစောင့်ရှောက်ထားရပါသည်။ ဦးစိုးမြင့်ဘက်မှ ကလေးများအတွက် ထောက်ပံ့ပေးကမ်းခြင်း လုံးဝမရှိပါ။ ဦးစိုးမြင့် နှင့် လူမှုရေး၊ စီးပွားရေး ပတ်သက်ဆောင်ရွက်နေသူများအနေဖြင့် ၎င်းအား တိုက်ရိုက်တွေ့ဆုံ ဖြေရှင်းပါရန်နှင့် မာမက်တော်ယုပ် (ခ) ဦးစိုးမြင့် နှင့် ကျွန်ုပ်၏မိတ်ဆွေတို့မှာ လင်ခန်းမယားခန်း ပတ်သက်ဆက်နွှယ်မှု လုံးဝမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နာယူမာခင်ခင်**
**[၁၂/ဗတထ (နိုင်) ၀၄၉၄၇၂]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမြင့်အောင် - LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈/၂၀၀၈)**
**အမှတ်- ၁၅၃(၅-လွှာ/A)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၉၄၁၉၊ ၀၉-၉၅၅၁၆၉၄၁၉**

**"(၇-၁၁-၂၀၂၃) ရက်နေ့ထုတ်ကြေးမုံသတင်းစာပါ ဒေါ်စူစီလာ[၁၂/ပဇတ(ပြု)၀၀၀၀၄၄]နှင့် ဒေါ်သန်းသန်းဌေး [၁၂/ပဇတ(ပြု)၀၀၀၁၁၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးချစ်ကိုကို(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ ဦးရာဇာဝင်း (တရားလွှတ်တော်ရှေ့နေ)၊ ဦးစိုးတင်(တရားလွှတ်တော်ရှေ့နေ)တို့မှ ပြန်လည်တုံ့ပြန် ရှင်းလင်းကြေညာခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၇၈) (၃လွှာ)၊ (ဝဲဘက်)အခန်းနေ ဒေါ်သီတာခင်(ဘ)ဦးမိုးသီး [၁၂/သကတ(နိုင်)၁၆၉၁၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာအပ်သည်မှာ -

၁။ လူကြီးမင်းတို့၏ ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာချက် အပိုဒ်(၁)တွင် ဖော်ပြထားသည့် "ကြေးအိုးကြီး Trading Co.,Ltd" ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းထားချက်နှင့်လူကြီးမင်းတို့၏ ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာချက် အပိုဒ်(၂)တွင် ဖော်ပြထားသည့် ကားအမှတ် (4D- 6051/ YGN) G- ဂရိတ် " Royal Saloon" အဖြူရောင် 1004 Crown ကားနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာချက်များမှာ မှန်ကန်မှုမရှိပါ။

၂။ လူကြီးမင်းတို့၏ ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာချက်အပိုဒ်(၃)တွင် ဖော်ပြထားသည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေသည် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးမြဟန်နှင့်လက်ထပ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၃)ရှိ " Mya Han Family " ဦးမြဟန် မိသားစုသံထည်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့တွင် ဦးမြဟန်နှင့်အတူ စီးပွားရှာဖွေလုပ်ကိုင်ခဲ့ပြီး ရရှိသည့်ငွေများဖြင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ထပ်မံဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာခင်နှင့်အတူ သမီးဖြစ်သူ မတွယ်တာလင်းကလည်း ဖခင်ဦးမြဟန်နှင့်အတူ အထက်ပါဆိုင်များတွင် စီးပွားရှာဖွေလုပ်ကိုင်ခဲ့ကြသူများ ဖြစ်ပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးမြဟန်နေကောင်းကျန်းမာစဉ်က ပထမအိမ်ထောင် ဒေါ်စူစီလာနှင့် ရရှိသည့် သားသမီး (၃)ဦးဖြစ်ကြသော (၁)ဒေါ်စန္ဒာဝင်း (ဘ)ဦးမြဟန်[၁၂/ပဇတ(နိုင်)၀၃၂၂၇၉]အား ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ တာဝတိံသာလမ်း၊ အမှတ် (၁၆/ခ) မြေညီထပ် ရေမီးအစုံပါဝင်သည့် နေအိမ်တိုက်ခန်းနှင့်တကွ ငွေကျပ်- ၂၇၀၀,၀၀,၀၀၀/- (ကျပ်သိန်း နှစ်ထောင့်ခုနစ်ရာတိတိ)ကိုလည်းကောင်း၊ (၂)ကိုစန်းဝင်း (ဘ)ဦးမြဟန်[၁၂/ပဇတ(နိုင်)၀၃၂၂၇၈]အား ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃) ရပ်ကွက်၊ တာဝတိံသာလမ်း၊ အမှတ် (၁၆/က) မြေညီထပ် ရေမီးအစုံပါဝင်သည့် နေအိမ်တိုက်ခန်းနှင့်တကွ ငွေကျပ်- ၂၇၀၀,၀၀,၀၀၀/- (ကျပ်သိန်းနှစ်ထောင့်ခုနစ်ရာတိတိ)ကိုလည်းကောင်း၊ (၃)ဒေါ်သန်းသန်းဌေး (ဘ)ဦးမြဟန်[၁၂/ပဇတ(ပြု)၀၀၀၁၁၈]အား ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၇၀၆)၊ (၈)လွှာ ရေမီးအစုံပါဝင်သည့် နေအိမ်တိုက်ခန်းနှင့်တကွ ငွေကျပ်-၂၇၀၀,၀၀,၀၀၀/- (ကျပ်သိန်းနှစ်ထောင့်ခုနစ်ရာတိတိ)ကို လည်းကောင်း၊ ဦးမြဟန်၏ ဒုတိယဇနီးမယားဖြစ်သည့် ဒေါ်သီတာခင်နှင့်ရရှိသည့် သမီး မတွယ်တာလင်း (ဘ) ဦးမြဟန်[၁၂/ပဇတ(နိုင်)၀၄၀၃၈၄]အား ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၁၇၈)၊ (၃)လွှာ ရေမီးအစုံပါဝင်သည့် နေအိမ်တိုက်ခန်းနှင့်တကွ ငွေကျပ်-၂၇၀၀,၀၀,၀၀၀/- (ကျပ်သိန်းနှစ်ထောင့်ခုနစ်ရာတိတိ)ကို လည်းကောင်း ဦးမြဟန်သည် ဖခင်တစ်ဦး၏ မေတ္တာ၊ ကရုဏာဖြင့် သားသမီး (၄)ဦးလုံးအား သာတူညီမျှစိတ်ထားကာ "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်"ချုပ်ဆို၍ ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာခင်နှင့် ထွန်းကားရရှိခဲ့သည့် သမီးဖြစ်သူ မတွယ်တာလင်း[၁၂/ပဇတ(နိုင်)၁၄၀၃၈၄]တစ်ဦးတည်းကို ပေးခဲ့ခြင်းမဟုတ်၍ ဦးမြဟန်၏သားသမီး (၄)ဦးလုံး ရရှိခဲ့ကြောင်းကို ပြန်လည်တုံ့ပြန် ရှင်းလင်းကြေညာအပ်ပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာခင်မှ (၂၅-၁၀-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ ကြေညာခဲ့သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှာ လူကြီးမင်းတို့၏မိတ်ဆွေ ဒေါ်စူစီလာ[၁၂/ပဇတ(ပြု)၀၀၀၀၄၄]နှင့် ဒေါ်သန်းသန်းဌေး[၁၂/ပဇတ(ပြု)၀၀၀၁၁၈]တို့အပြင် ဒေါ်စန္ဒာဝင်း[၁၂/ပဇတ(နိုင်)၀၃၂၂၇၉]၊ ကိုစန်းဝင်း[၁၂/ပဇတ(နိုင်)၀၃၂၂၇၈]တို့နှင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သီတာခင်[၁၂/သကတ(နိုင်)၁၆၉၁၆၈]နှင့် သမီးဖြစ်သူ မတွယ်တာလင်း[၁၂/ပဇတ(နိုင်)၀၄၀၃၈၄]တို့က ပူးတွဲအမွေဆက်ခံပိုင်ဆိုင်ကြသူများဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

၅။ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာခင်၏ခင်ပွန်း ဦးမြဟန် ကွယ်လွန်ပြီးနောက် အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရစ်ခဲ့သော(၂၅-၁၀-၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ ဒေါ်သီတာခင်ကြေညာခဲ့သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်၍ လူကြီးမင်း၏ မိတ်ဆွေများသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာခင်နှင့် ၎င်း၏သမီးဖြစ်သူ မတွယ်တာလင်းတို့ သိရှိသဘောတူခွင့်ပြုချက်မရဘဲ အမည်ပြောင်းလျှောက်ထားခြင်း၊ ခေါင်းပြောင်းရောင်းခြင်းများ ပြုလုပ်နေသည်ကို သိရှိရ၍ ကျွန်ုပ်မိတ်ဆွေမှ တရားဝင်သော နည်းလမ်းဖြင့်သာ သတင်းစာဖြင့်ကြေညာခြင်း၊ အသိပေးအကြောင်းကြားစာပေးပို့ခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ (၂၅-၁၀-၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ ကြေညာခဲ့သော ပစ္စည်းများအပေါ် ပူးတွဲအမွေပိုင်ဆိုင် ဆက်ခံခွင့်ရှိသည့် အမွေပုံပစ္စည်းများဖြစ်၍ ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသလို လူကြီးမင်းတို့က ဥပဒေနှင့်အညီ ဆောင်ရွက်ပါက ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သန်းသန်းစိန် (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၀၀)**
**ရုံးခန်း ။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ - ၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## နိုင်ငံပိုင် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် လက်ဝယ်ရှိ မြေနှင့် အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက် စုစုပေါင်း(၂၄)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No. တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာ တစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာ နှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၁၁-၂၀၂၃ ရက်နေ့မှ ၂၈-၁၁-၂၀၂၃ ရက်နေ့အထိ

နေရာ - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေး နှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်)
စပေါ်ငွေသွင်းရမည့် တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်း ဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**

P.O Cheque တင်ပြရမည့်ရက် - ၂၉-၁၁-၂၀၂၃၊ ၃၀-၁၁-၂၀၂၃၊ ၁-၁၂-၂၀၂၃

တင်ဒါ တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၂၃
- Lot No. (၁) မှ (၂၄) အထိ နံနက်(၁၀:၀၀) နာရီမှစ၍ အစဉ်လိုက် လက်ခံပါမည်။

နေရာ - ရုံးအမှတ် (၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ကြော်ငြာသည့်နေ့မှစ၍ သွားရောက် ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာ တင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ကြည့်ရှုစစ်ဆေးပြီး ဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၆၃၃၉ နှင့် ၀၆၇-၄၀၆၁၃၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ website https:// www.mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No. | မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက် (အကျယ်အဝန်း) |
|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်းနှင့် စည်ပင်သာယာလမ်းထောင့်၊ ဦးပိုင်အမှတ်(၅၂)ရှိ မြေ(၀.၀၈၃)ဧကနှင့် အဆောက်အဦ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ထွယ်ဆန်နယ်မြေ၊ ဦးပိုင်အမှတ် (၃၆၀/၁+၃၆၀/၃)ရှိ မြေ(၀.၅၁၀)ဧကနှင့်အဆောက်အဦ |
| ၃ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်း၊ ဦးပိုင်အမှတ် (၇+၁၀/ ၁)နှင့် ဦးပိုင်အမှတ်(၇+၁၀/၂)ရှိ မြေကွက်(၂)ကွက်တွဲ မြေ(၀.၁၆၅)ဧက နှင့် အဆောက်အဦ |
| ၄ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့၊ကန်တော်ရပ်ကွက်၊ မင်းလမ်း၊ အကွက်အမှတ်/အမည် -TL(၁၀)၊ ဘိုးဘုံမြောက်ရပ်၊ ဦးပိုင်အမှတ်-ဠ/၂ ရှိ မြေ(၀.၀၄၁) ဧကမြေကွက် |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ကိုးသောင်းတိုးချဲ့(၂)၊ ဦးပိုင်အမှတ်(၁၉၇)ရှိ မြေ(၀.၀၈၉)ဧကမြေကွက် |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ နယ်မြေ(၂၀)၊ မင်းကြီးညို (၆)လမ်း၊ မြေတိုင်းရပ်ကွက်(၇/၄)၊ မြေကွက်အမှတ်(၄၃၀/၄၃၂)ရှိ မြေ(၀.၁၁) ဧကမြေကွက် |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ သိပ္ပံလမ်း၊ (၆၈ x ၆၉) လမ်းကြား၊ အကွက်အမှတ်(ခ-၁၀)၊ ဦးပိုင်အမှတ် (၁-က၊ ခ၊ ဃ၊ င၊ စ၊ ဇ၊ ဈ)၊ (၂-က၊ ခ၊ ဃ၊ င)၊ (၃-က၊ ခ၊ ဃ)၊ စုစုပေါင်းမြေ (၂.၃၃၉၅)ဧကရှိ မြေကွက် |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီ (၇၃)လမ်း၊ (၂၉ x ၃၀)လမ်းကြား၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ်(၄၂၊ ၄၃၊ ၄၄)ရှိ မြေ(၀.၀၉၃၇)ဧကနှင့် အဆောက်အဦ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ချယ်ရီလမ်း၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ (၉၆-ဘီ)ရှိ မြေ(၀.၃၄၄)ဧကနှင့် အဆောက်အဦ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အောင်ရတနာလမ်း၊(၆၇x၆၈)လမ်းကြား၊သိပ္ပံလမ်းနှင့်မိုးသောက်ပန်းလမ်းကြား၊ အကွက်အမှတ်(မ-၂၄)၊ ဦးပိုင်အမှတ် (၁-ဟ)ရှိ မြေ(၀.၃၀၃၇)ဧကမြေကွက် |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ (၆၄ x ၆၅)လမ်းကြား၊ စံပယ်လမ်းနှင့် ခွာညိုလမ်းကြား၊ အမှတ်(ဏ-၆/၄၅)ရှိ မြေ(၀.၀၅၅၁)ဧကနှင့် အဆောက်အဦ |
| ၁၂ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ဦးပိုင်အမှတ်(၂၇၈)၊ အကွက်အမှတ်(၁၂-ခ)၊ မေခလမ်း၊ အမှတ်(၂၆)ရှိ မြေ(၀.၀၄၁)ဧကနှင့်အဆောက်အဦ |
| ၁၃ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ၊ အမှတ်(၁/၆၀၅)၊ မြို့မ(၁) ရပ်ကွက်၊ ဘုရားလမ်း၊ ဦးပိုင်အမှတ်(၁၀/၂)ရှိ မြေ(၀.၀၄)ဧကနှင့်အဆောက်အဦ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆၁)၊ ရတနာမွန်အိမ်ရာ၊ ရတနာလမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်အနီး၊ အိမ်အမှတ် (၆၁/ရတနာ ၁၁)ရှိ မြေ(၀.၂၂၉) ဧကနှင့်အဆောက်အဦ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁/ခ-၆)ရှိ မြေ(၀.၁၇၃)ဧကနှင့်အဆောက်အဦ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံရိပ်မွန်အိမ်ရာ၊ (Rose Part 3)၊ အမှတ်(၁၁၂ ဘီ ၃)ရှိ မြေ(၀.၁၅၉) ဧကနှင့် အဆောက်အဦ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်း အိမ်ရာ၊ Lot. 19-A Jasmine Place မြေ(၀.၁၇၂)ဧကနှင့် အဆောက်အဦ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၈၀)၊ (၅၄' x ၂၀') = (၁၀၈၀) စ/ပေရှိ မြေညီထပ်တိုက်ခန်း |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိစွယ်တော် ရပ်ကွက်၊ စွယ်တော်စီးတီးအိမ်ရာ၊ အဆောက်အဦအမှတ်(B)၊ အခန်းအမှတ် (၃၀၄)၊ (၁၂၆၀)စ/ပေရှိ တိုက်ခန်း |
| ၂၀ | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အတ္တရကျေးရွာ၊ ကွင်းအမှတ်(၅၀၇/ဘီ)၊ အတ္တရ တောင်ကွင်း၊ ဦးပိုင်အမှတ်(၁၃/၆)ရှိ မြေ(၈.၂၁)ဧကမြေကွက် |
| ၂၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံအိမ်ရာစီမံကိန်း၊ ခရေ(၈)လမ်း နှင့် ခရေ(၁၀)လမ်းထောင့်၊ အမှတ်(၁၁၈)ရှိ မြေ(၀.၁၄၃)ဧက မြေကွက် |
| ၂၂ | ရှမ်းပြည်နယ်၊တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ လွန်းကျိုင်းရွာ၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ်(၂၃)ရှိ မြေ(၀.၇၀)ဧကနှင့်အဆောက်အဦ |
| ၂၃ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ပါခုတ်နို့ရွာအနီး၊ ကွင်းအမှတ်(၁၆၇)၊ ဇောဓိတစ်ထောင်ကွင်း၊ ဦးပိုင်အမှတ်(၂၂)၊ မြေ(၁၈.၇၃)ဧကနှင့်အဆောက်အဦ |
| ၂၄ | ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မိုးကောင်းရပ်၊ ညောင်ပင်ထောင် ရပ်ကွက်၊ ဈေးအနီး၊ ကွင်းအမှတ် (၂၇ လွယ်မယ်အနောက်)၊ ဦးပိုင်အမှတ် (၆/၁၀)၊ မြေကွက်အမှတ် (၂၂)ရှိ မြေ(၀.၁၈၆)ဧကမြေကွက် |

## မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ ကောင်စီဝင်အဖြစ်ရွေးကောက်ခံရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာချက်

တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) နှင့် တိရစ္ဆာန်ဆေးပညာကောင်စီနည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ခ) နှင့် (ဂ)တို့အရ သတ္တမအကြိမ်တိရစ္ဆာန်ဆေးပညာကောင်စီ ဖွဲ့စည်းရန်၊ ကောင်စီဝင်(၇) ဦး ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် အောက်ပါတို့ကို အသိပေးကြေညာအပ်ပါသည်-

(၁) ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပပါမည်။

(၂) ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရန် ဆန္ဒရှိသော တိရစ္ဆာန်ဆေးကု ဆရာဝန်သည် အောက်ပါအချက်များနှင့် ညီညွတ်ပါက ကောင်စီကထုတ်ပေးမည့် အမည်စာရင်းတင်သွင်းလွှာပုံစံ(၂)တွင် ရေးသွင်း၍ ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးအဖွဲ့သို့ အမည်စာရင်း အဆိုပြုတင်သွင်းနိုင်ပါသည်-
(က) နိုင်ငံသားဖြစ်ခြင်း၊
(ခ) ဘီအက်စ်စီ(တိရစ္ဆာန်ဆေးပညာ)၊ ဘီဗွီအက်စ်၊ ဘီဗွီအက်စ်စီဘွဲ့ (သို့မဟုတ်) ပြည်ပတက္ကသိုလ်တစ်ခုခုက ပေးအပ်ပြီး ကောင်စီကလည်း အသိအမှတ်ပြုထားသည့် အလားတူ တိရစ္ဆာန်ဆေးပညာဘွဲ့ကို ရရှိပြီး အဆိုပါဘွဲ့ရရှိမှုမှာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၅ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊
(ဂ) တိရစ္ဆာန်ဆေးပညာကောင်စီတွင် မှတ်ပုံတင်ခွင့်ရရှိထားသူ တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ပြီး ကောင်စီစည်းကမ်းထိန်းသိမ်းရေးကော်မတီက မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း မခံရသူဖြစ်ခြင်း။

(၃) အမည်စာရင်းတင်သွင်းလွှာပုံစံ(၂) ကို အင်းစိန်မြို့နယ်၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ် တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပါသည်။

(၄) အမည်စာရင်းတင်သွင်းလွှာပုံစံ (၂) ကို လူကိုယ်တိုင်လက်မှတ်ရေးထိုး၍ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများသည် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ မူရင်းပူးတွဲ၍သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဌာနအကြီးအကဲ၏ သဘောတူခွင့်ပြု ချက်မူရင်း ပူးတွဲ၍သော်လည်းကောင်း၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးခွဲ၊ ဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ အတွင်းရေးမှူးရုံးအဖွဲ့(နေပြည်တော်) ရုံးအမှတ် (၃၆)တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာဖြင့် စာတိုက်မှပေးပို့၍ဖြစ်စေ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ၏ email လိပ်စာ myanmarveterinarycouncil123@gmail.com သို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက်၊ သောကြာနေ့(၁၆:၃၀) နာရီအရောက် နောက်ဆုံးထားတင်သွင်းရပါမည်။ သတ်မှတ်သည့်နေ့ရက် အချိန်ထက် နောက်ကျရောက်ရှိလာသော အမည်စာရင်းတင်သွင်းလွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၅) သိရှိလိုသောအချက်များရှိပါက အတွင်းရေးမှူးရုံးအဖွဲ့ (နေပြည်တော်)၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ ဖုန်းနံပါတ်(၀၆၇-၃၄၀၈၄၆၇)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သတ္တမအကြိမ်တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းနှင့် အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်ကျေးရွာ၊ အလယ်စုပိုင်းနေ အဖ ဦးတင့်လှိုင် [၇/ကဝန(နိုင်)၀၉၁၁၉၇] နှင့် အမိ ဒေါ်တင်တင်အေး [၁၀/ကထန(နိုင်)၀၆၉၁၁၁]တို့၏ သားဖြစ်သူ ကိုနိုင်လင်းထက်သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံပါဘဲ မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးတင့်လှိုင် + ဒေါ်တင်တင်အေး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် -၇၈၊ (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ ဒုတိယ ထပ် (၃လွှာ)(ခေါင်းရင်း+ခြေရင်း)၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်မြမြစိုး [၁၂/လမတ(နိုင်)၀၂၀၉၁၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခေါင်ဟိန်းထက် [၁၂/ကမတ(နိုင်)၀၆၄၀၅၇]။ ဒေါ်ခေါင်မဥ္ဇူဟိန်း[၁၂/ကမတ(နိုင်)၀၆၄၀၅၆] ကအပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ(၇ ) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဉာဏ်မင်းထက်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၂၁၃၂)

**ဒေါ်ယုဇနကို(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၂၇၄၆)

**အမှတ် (၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉- ၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လဆန်းအောင် [၁/မကန(နိုင်)၂၀၀၉၈၀] ၏ ပတ်စ်ပို့နံပါတ် (MG-340872) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၁၈၂၈၂၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၈၄)၊ ဦးပိုင်အမှတ် (၅၇-ည)၊ ၈၇ လမ်း၊ ၃၇x ၃၈လမ်းကြားရှိ ဒေါ်မြညွန့် အမည်ပေါက် ဂရန်မြေကွက်အား (မိခင်) ဒေါ်မြညွန့်(ဖခင်) ဦးတင်ဖေ တို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၁၀၀/၂၁၂၃)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်နီနီလှိုင် [၉/မနတ(နိုင်)၀၂၀၀၈၉] က အမှုတွဲအမှတ် ၅၃၃၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၂၂)၊ ဦးပိုင်အမှတ်(၁၅)၊ ၆၆x ၆၇ လမ်းကြား၊ ယောမင်းကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၅၈၂/၁၉၉၈)ဖြင့် ဒေါ်ဂျာဘောက်က ဝယ်ယူခဲ့ပြီး ဒေါ်ဂျာဘောက်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၇၈၀/၂၀၀၁ ဖြင့်ဝယ်ယူခဲ့သူ ဦးလှထွန်း [၁၃/ကမန(နိုင်)၀၂၉၀၆၇]က တောဂရန် စာချုပ်နှင့်အတူအမှုတွဲအမှတ်(၅၃၃၅/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်းသက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတံ့ရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁၁)၊ ဦးပိုင်အမှတ်(၇၀)၊ ၄၉x၅၀လမ်းကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဒုတပ်ကြပ်လှကြည် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၉/၂၀၂၂တွင် (၁၁-၅-၂၀၂၂)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဒုတပ်ကြပ် လှကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၂၀၇၁/၂၀၂၃ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသူ[၁၃/ကလတ(နိုင်)၀၂၉၃၈၇]၏ (GP ရသူ ဒေါ်လီဟွယ်မေး) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်-၅၃၂၄/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

